ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ရက်၊ ဗုဒ္ဓဟူးနေ့၊ (22-6-2005) (၄၆၃၄)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ကျူးဘားသမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကျူးဘားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စစ် မာရီယာ လူဝစ္စစာ ဖာနန်ဒေ့ဇ်အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကျူးဘားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စစ် မာရီယာ လူဝစ္စစာ ဖာနန်ဒေ့ဇ်သည် ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်သူနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)



နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဆီးရီးယားနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

ရန်ကုန် ဇွန် ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆီးရီးယားအာရပ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာဖတ်(ဒ်)ဆာလင်းသည် ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါသံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်သူနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆီးရီးယားအာရပ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဖတ်(ဒ်)ဆာလင်းက ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၂-၆-၂၀၀၅
(ဗုဒ္ဓဟူးနေ့)

ပေါင်းစည်းညီညွတ်မှုဖြင့် နိုင်ငံတော်ကိုတည်ဆောက် အဖျက်သမားအန္တရာယ် အစဉ်သတိပြုတိုက်ဖျက်

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရာတွင် မရှိမဖြစ်သည့် လိုအပ်ချက်မှာ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးပင်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက နိုင်ငံတော်တစ်ဝန်း တည်ငြိမ်အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် အစွမ်းကုန်ကြိုးပမ်းခဲ့သည်။ တစ်ချိန်တည်းတွင် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းများအားလုံး မျှတစွာဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားလူမျိုးများအားလုံး လူမှုစီးပွားရေးအဆင့်အတန်း ဟန်ချက်ညီညီ တိုးတက်မြင့်မားစေရေး လုပ်ငန်းများကို အလေးထား စီမံဖြည့်ဆည်းပေးနေသည်။

ယခုအခါ နယ်စပ်ဒေသများအပါအဝင် ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းများတွင် တည်ငြိမ်အေးချမ်းသာယာမှုနှင့် လုံခြုံမှုများ လွှမ်းခြုံလျက်ရှိသည်။ တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား အပြန်အလှန် နားလည်စာနာမှု၊ ရိုင်းပင်းကူညီ ဖေးမမှုနှင့် ယုံကြည်အားထားမှု သဘောထားများရှိကြပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုလုပ်ငန်းများတွင် ပါဝင်လက်တွဲ ကြိုးပမ်းနေကြပြီဖြစ်သည်။

သာဓကအားဖြင့် ရှမ်းပြည်နယ်ရှိ ကျိုင်းတုံ၊ မိုင်းဆတ်၊ မိုင်းယန်း၊ မိုင်းယောင်းမြို့နယ်များသည် လွန်ခဲ့သော နှစ်အတန်ကြာခန့်က လက်နက်ကိုင်သောင်းကျန်းမှုဒဏ်ကို ပြင်းပြင်းထန်ထန် ခံခဲ့ကြရသည်။ ဒေသခံပြည်သူများမှာ တည်ငြိမ်အေးချမ်းမှု မရှိခဲ့သည့်ကာလက အနိဋ္ဌာရုံများစွာနှင့် ကြုံတွေ့ခဲ့ကြရသည်။

ယနေ့ကာလတွင် နိုင်ငံတော်၏ မှန်ကန်သော ဦးဆောင်မှု၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ စည်းလုံးညီညွတ်မှု စွမ်းပကားဖြင့် လက်တွဲကြိုးပမ်း တည်ဆောက်လျက်ရှိရာ ရှမ်းပြည်နယ်အပါအဝင် နယ်မြေဒေသ အစိတ်အပိုင်းများ၌ တည်ငြိမ်အေးချမ်းမှုများ လွှမ်းခြုံလျက်ရှိသည့်နည်းတူ လမ်းများ၊ တံတားများ၊ လေယာဉ်ကွင်းများ၊ ဆည်တမံများနှင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများစွာ တိုးတက်ဖြစ်ထွန်း စည်ပင်နေပြီဖြစ်သည်။

တိုင်းရင်းသား ပြည်သူများအနေဖြင့် ယင်းကဲ့သို့ အေးချမ်းတည်ငြိမ်မှုများနှင့်အတူ ရရှိဖြစ်ထွန်းနေသည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ဆက်လက်တိုးပွားလာစေရန် ဝိုင်းဝန်းထိန်းသိမ်း ကြိုးပမ်းသွားကြရမည် ဖြစ်သည်။ နိုင်ငံတော် အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရေးအတွက် မိမိတို့သားစဉ်မြေးဆက်တိုင်အောင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက် သွားကြရမည်ဖြစ်သည်။

မျက်မှောက်နိုင်ငံတကာ၏ အခြေအနေနှင့် ယှဉ်ကြည့်လျှင် မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများအကြား ဓနအင်အားကွာဟမှု၊ နည်းပညာကွာဟမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကွာဟမှုများကြောင့် မိမိတို့၏ အမျိုးသားရေးအကျိုးစီးပွားနစ်နာဆုံးရှုံးမှု မရှိစေရန် အားထုတ်ကြိုးပမ်းနေရသော အချိန်အခါဖြစ်သည်။

ထို့အပြင် ပြည်ပနိုင်ငံကြီးအချို့၏ ထောက်ပံ့အားပေးမှုဖြင့် ပြည်တွင်း၊ ပြည်ပအဖျက်သမားအချို့ကလည်း နိုင်ငံတော်တည်ငြိမ်မှုနှင့် တိုင်းရင်းသားပြည်သူများ အကျိုးစီးပွားထိခိုက်ဆုံးရှုံးစေရန်၊ ပြည်သူများစိုးရိမ်ထိတ်လန့်စေရန် ကောလာဟလသတင်းများ ထုတ်လွှင့်ခြင်းအပါအဝင် အဖျက်အမှောင့်လုပ်ရပ်များဖြင့် နှောင့်ယှက်လုပ်ကိုင်လျက်ရှိကြသည်။

ယင်းကဲ့သို့သော အချိန်အခါမျိုးတွင် တိုင်းရင်းသားပြည်သူများအနေဖြင့် သူတစ်ပါးက သွေးခွဲသပ်လျှိုပြောကြားမှုများကို နားမယောင်ကြရန်လိုအပ်သည်။ သူတစ်ပါးသြဇာလောင်းရိပ် ကင်းရှင်းစွာဖြင့် ကိုယ့်နိုင်ငံနှင့် ကိုယ့်လူမျိုး နိုင်ငံ တကာအလယ်တွင် တင့်တင့်တယ်တယ် ရပ်တည်နေထိုင်နိုင်ရေး ကိုယ့်အားကိုယ်ကိုးကြိုးပမ်းကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် ပေါင်းစည်းညီညွတ်မှုစွမ်းပကားဖြင့် ဆက်လက်ပါဝင်ကြိုးပမ်းရင်း ပြည်တွင်း၊ ပြည်ပ အဖျက်သမားအန္တရာယ်ကို မျက်ခြည်မပြတ် သတိပြုတားဆီးတိုက်ဖျက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဏ္ဏားကျွန်းမြို့ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် စစ်ဆေး

ရန်ကုန် ဇွန် ၂၁

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်သည် စစ်တွေတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းအောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၄ ရက် နံနက် ၈ နာရီခွဲက ပုဏ္ဏားကျွန်းသို့ ရောက်ရှိပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ မြို့နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

အစီအစဉ်အရ မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြို့နယ်၏ ဒေသဆိုင်ရာ အချက်အလက်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် တိုင်းမှူးသည် ပုဏ္ဏားကျွန်းမြို့ မြို့နယ်ခန်းမ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ပုဏ္ဏားကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူးက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် စစ်တွေမြို့ ကျောက်တန်းတံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး စီမံကိန်းရှင်းလင်းဆောင်၌ ပြည်နယ် အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်က တံတားတည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လုပ်ငန်းခွင်အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

အဆိုပါ တံတားသည် ရန်ကုန်-စစ်တွေလမ်းမကြီး၏ စစ်တွေမြို့အနီးရှိ ကျောက်တန်းချောင်းအား ဖြတ်သန်းဆောက်လုပ်လျက်ရှိပြီး အလျား ၄၅၂ ပေ၊ အကျယ်ပေ ၃၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေနှင့် တံတားခံနိုင်ဝန် တန် ၆၀ ရှိ သံကူကွန်ကရစ် သံပေါင်တံတား အမျိုးအစားဖြစ်သည်။

ဆက်လက်၍ တိုင်းမှူးသည် စစ်တွေတပ်နယ် စံပြပျိုးခြံသို့ ရောက်ရှိပြီး ငရုတ်ကောင်းနှင့် ရတနာတန်းဝင် နှစ်ရှည်ပင်များ ပြုစုပျိုးထောင်ထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးရာ စစ်တွေတပ်နယ်မှ ဗိုလ်မှူးချုပ် သန်းထွန်းအောင်က လိုက်ပါရှင်းလင်း တင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားခဲ့သည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်း စိမ်းလဲ့မေရိပ်သာ အမှတ် ၁၈(စီ)နေ ကွယ်လွန်သူ အစ်မကြီးဒေါ်လှကြည်အား ရည်စူး၍ ဦးလှဝင်း-Rose Marie Win**တို့က ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ကျပ်လေးသိန်း ခုနစ်သောင်း သုံးထောင်ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွန်းထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

မန္တလေးတိုင်းနှင့် ပဲခူးတိုင်းအတွင်း ခရိုင်ချင်းဆက် လမ်းဖောက်လုပ်မှုစစ်ဆေး

ရန်ကုန် ဇွန် ၂၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ အထူးအရာရှိ ဗိုလ်မှူးချုပ်ကျော်သူသည် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး(အင်ဂျင်နီယာ)ဦးကျော်မြင့်နှင့်အဖွဲ့ လိုက်ပါလျက် မန္တလေးတိုင်းနှင့် ပဲခူးတိုင်းအတွင်း ခရိုင်ချင်းဆက်လမ်း အမှတ်(၂)ဖောက်လုပ်နေမှု လုပ်ငန်းခွင်များကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

အထူးအရာရှိ ဗိုလ်မှူးချုပ်ကျော်သူနှင့်အဖွဲ့သည် ဇွန် ၁၄ ရက်တွင် ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင် ကျေးရွာအနီး ရှင်းလင်းဆောင်သို့ ရောက်ရှိရာ မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှက မန္တလေးတိုင်းအတွင်း လမ်းဖောက်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ အထူးအရာရှိ ဗိုလ်မှူးချုပ်ကျော်သူက လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး ပေ ၃၀ အကျယ် မြေသားလမ်းကို စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝမ်းတွင်းမြို့နယ် ဂုဏ်ရွာအနီးရှင်းလင်း ဆောင်သို့ရောက်ရှိပြီး မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးမြင့်ဦးက လမ်းဖောက်လုပ်မှု အခြေအနေများ ရှင်းလင်းတင်ပြရာ လိုအပ်သည်များ မှာကြားကာ ပေ ၃၀ အကျယ် မြေသားလမ်းကို စက်ယန္တရားဖြင့် ဖောက်လုပ်နေမှုအခြေ အနေကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် သာစည်မြို့နယ် အလယ်ကန် ကျေးရွာအနီး ပေ ၃၀ မြေသားလမ်းကို စက်ယန္တရားများဖြင့် ဖောက်လုပ်နေမှု၊ ရေပြွန်များ တည်ဆောက်နေမှုနှင့် တံတားတည်ဆောက်မည့် နေရာများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

အဆိုပါ ခရိုင်ချင်းဆက် လမ်းအမှတ်(၂) သည် မန္တလေးတိုင်းအတွင်း ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင် ကျေးရွာမှ တပ်ကုန်းမြို့နယ် ကင်းသာကျေးရွာ အထိ ၁၁၃ မိုင် ခြောက်ဖာလုံ ပါဝင်ကြောင်း သိရသည်။

အထူးအရာရှိ ဗိုလ်မှူးချုပ် ကျော်သူသည် ဇွန် ၁၆ ရက်တွင် ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့က ကြီးကြပ်ဖောက်လုပ်လျက်ရှိသော ခရိုင်ချင်းဆက် လမ်းအမှတ်(၂)၊ ရေတာရှည်မြို့နယ် သစ်ကြိမ်းမှ တောင်ငူမြို့နယ် ထုံးဘိုကြီး လမ်းကြောင်း တစ်လျှောက် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းမွန်တို့က စက်ယန္တရားများအခြေအနေ၊ မြေသားလမ်း ဖောက်လုပ်ပြီးစီးမှု၊ လမ်း/တံတား ရေပြွန်များ ဆောင်ရွက်ပြီးစီးမှုနှင့် ကျောက်ချောလမ်းခင်းရန် ကျောက်ကြီးများ စုဆောင်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ အထူးအရာရှိက မြေသားလမ်း ဖောက်လုပ်ထားရှိမှု၊ တံတားများ၊ ရေပြွန်များ တည်ဆောက်ထားရှိမှု၊ စက်ယန္တရားများ မောင်းနှင်ထိန်းသိမ်းမှုနှင့်ပတ်သက်၍ လိုအပ်သည်များပြုပြင်ဆောင်ရွက်ရန် မှာကြားသည်။ အဆိုပါ ခရိုင်ချင်းဆက်လမ်းမှာ အရှည် ၃၃ မိုင်ခြောက်ဖာလုံရှိပြီး နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသော လမ်းဖြစ်ကြောင်း သိရသည်။

ထို့နောက် အထူးအရာရှိ ဗိုလ်မှူးချုပ်ကျော်သူနှင့်အဖွဲ့သည် တောင်ငူမြို့ ကန်တော်ကြီးရေပြင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှု၊ ပန်းခြံနှင့် ပျိုးဥယျာဉ်၊ တိုင်းစည်ပင်သာယာရေးအဖွဲ့ရုံး တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂-၆-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀	၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀	၆။ မျိုးချစ်တပ်မတော်
၄:၄၀	၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၄:၅၀	၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀	၉။ **အဝေးသင်တက္ကသိုလ်ပညာရေးပို့ချမှု အစီအစဉ် - ˚EMOTION (ပထမနှစ်-စိတ်ပညာ)**
၅:၃၀	၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "၂၄ နာရီ" (အပိုင်း-၁၄)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ ဗီစီဒီ ကျော်ကြားတေးများ
	၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကန္တာတောခြေ" (အပိုင်း-၂)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။



လက်ခံတွေ့ဆုံ

ဇွန် ၂၁ ရက်က ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆီးရီးယားအာရပ် သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဖတ်(ဒ်)ဆာလင်းအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။
(သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား သင်တန်းကျောင်းများစစ်ဆေး အသက်မွေးမှုပညာရပ်များ စနစ်တကျသင်ကြားပေးရန် မှာကြား

ရန်ကုန် ဇွန် ၂၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန (ရုံးချုပ်)သို့ ရောက်ရှိလာရာ ခေတ္တညွှန်ကြားရေးမှူး ဦးလှမြင့်က ဌာနစိတ်အလိုက် အဆောက်အအုံများ ပြုပြင်မွမ်းမံပြင်ဆင်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြသပြီး ဝန်ကြီးသည် ရုံးခန်းများ ပြုပြင်နေမှုနှင့် ဌာနစိတ်များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ကမ္ဘာအေးလူငယ်သင်တန်းကျောင်းသို့ သွားရောက်၍ မီးဖိုဆောင်၊ ထမင်းစားဆောင်၊ အခြေခံပညာဦးစီးဌာနနှင့် တွဲဖက်ဖွင့်လှစ်ထားသော အမှတ်(၁၅) အခြေခံပညာမူလတန်းကျောင်း၊ လက်မှုကြိမ်ထိုး၊ ပိုးဇာထိုး လုပ်ငန်းများကို ကြည့်ရှုအားပေးပြီး ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ထိုမှတစ်ဆင့် မရမ်းကုန်းမြို့နယ် မလိခလမ်းရှိ အမျိုးသမီးကလေးများ သင်တန်းကျောင်းသို့ ရောက်ရှိစစ်ဆေးရာ ဒုတိယညွှန်ကြားရေးမှူး ဦးစိန်ဝင်းက အမျိုးသမီးကလေးများ သင်တန်းကျောင်း၏ ပညာရေး၊ ကျန်းမာရေးနှင့် စားသောက်ရေးရာ ကိစ္စရပ်များကိုတင်ပြပြီး ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသမီးကလေးများ သင်တန်းကျောင်းရှိ စက်ချုပ်ပညာသင်ခန်း၊ အမှတ်(၂၈) အခြေခံပညာ မူလတန်းကျောင်း စာသင်ခန်းမများ၊ ထမင်းစားခန်းများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် အသက်မွေးမှု ပညာရပ်များ စနစ်တကျတတ်မြောက်အောင်သင်ကြားပေးရန်တို့ကို တာဝန်ရှိသူများအား မှာကြားသည်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွား လူမှုဝန်ထမ်းဦးစီးဌာနတွင် တွဲဖက်ဖွင့်လှစ်ထားသော အမှတ်(၁၅)အခြေခံပညာ မူလတန်းကျောင်းအား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စာပေဗိမာန်စာအုပ်အသင်း စစ်ပါရဂူနှင့် ကဗျာဝိဒူစာအုပ်ဖြန့်ချိ

ရန်ကုန် ဇွန် ၂၁

မြန်မာစာပေဖွံ့ဖြိုးရေးနှင့် စာဖတ်ပရိသတ် တိုးပွားရေးအတွက် ရည်ရွယ်ပြီး စာပေဗိမာန်စာအုပ်အသင်းကို ၁၉၆၀ ပြည့်နှစ်မှ စတင်တည်ထောင်ကာ စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာအုပ်များကို အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ယခုအခါ ၂၀၀၁ခုနှစ် စာပေဗိမာန်စာမူဆု စာပဒေသာ ပထမဆုရ "စစ်ပါရဂူနှင့် ကဗျာဝိဒူ" စာအုပ်ကို အသင်းဝင်များထံသို့ ဖြန့်ချိပေးလျက်ရှိသည်။

စာဆိုစစ်သည်တော်များ

အဆိုပါ စာအုပ်မှာ မြန်မာ့သမိုင်းတွင် နှလုံးရည်၊ လက်ရုံးရည်နှင့် ပြည့်စုံသော စာဆိုစစ်သည်တော်များ ပေါ်ပေါက်လာခဲ့သည်နှင့်အညီ စစ်ရေးဆိုင်ရာ ရတု၊ ကဗျာ၊ လင်္ကာ၊ မော်ကွန်း စသည်တို့ကိုရေးစပ်သီကုံးဖွဲ့နွဲ့ခဲ့ကြပုံများကို စာရေးသူသည် နှောင်းလူငယ်မျိုးဆက်သစ်များအား အတိတ်နှင့်ပစ္စုပ္ပန် သိမြင်နားလည်စေပြီး အနာဂတ်သမိုင်းကို တည်ဆောက်စေလိုသည့် ဆန္ဒဖြင့် ရေးသားသော စာအုပ်ဖြစ်သည်။

စာရေးသူမှာ အငြိမ်းစားတပ်မတော်အရာရှိတစ်ဦးဖြစ်ပြီး ဗိုလ်မှူးချုပ်အဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့သူ အမျိုးသားစာပေဆု နှစ်ကြိမ်ရရှိခဲ့သည့် သုတေသီရာမညကိုကိုနိုင်ဖြစ်သည်။

စာပေဗိမာန်စာအုပ်အသင်းသို့ ပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့် လည်းကောင်း၊ အသင်းအဖွဲ့များ၊ စာကြည့်တိုက်များအနေဖြင့်လည်းကောင်း အသင်းဝင်ရောက်နိုင်သည်။ ကြိုတင်ပေးသွင်းငွေမှာ ငွေကျပ် ၁၅၀၀ဖြစ်ပြီး ယင်းကြိုတင်ငွေမှ အသင်းသားများသို့ ဖြန့်ချိသည့်စာအုပ်တန်ဖိုး(လျှော့နှုန်း)အလိုက် ခုနှိမ်မည်ဖြစ်သည်။ အသင်းကပေးသောစာအုပ်များကို နယ်အသင်းဝင်များထံသို့ စာတိုက်၊ရေကြောင်း၊လေကြောင်း၊ မီးရထားတို့ဖြင့် ပေးပို့မည်ဖြစ်သည်။ ရန်ကုန်အသင်းဝင်များအား ရန်ကုန်မြို့ ကုန်သည်လမ်း အမှတ်–၅၂၉/၅၃၁ ရှိ စာပေဗိမာန်စာအုပ်အသင်းက ထုတ်ပေးမည်ဖြစ်သည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုလျှင် အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း ရန်ကုန်မြို့ ကုန်သည်လမ်း အမှတ်–၅၂၉/၅၃၁သို့ လိပ်မူ၍ ဆက်သွယ်နိုင်သည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၁–၆–၂၀၀၅)

ပဲခူး
၂၁၁၁မ ၇၁လက်မ

ဟသ္သာတ
၂၁၁၁မ ၅၅လက်မ

မြောင်းမြ
၂၁၁၁မ ၁၃လက်မ

စစ်တွေ
၁၁၁၁မ ၂၆လက်မ

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၅ခုနှစ်၊ ဇွန်လ (၂၁)ရက်နေ့ထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၉၅၇၅)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

တူရကီရှိ အင်ကာလစ်လေတပ်စခန်း ပိတ်သိမ်းပေးရန် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြသမားများက တောင်းဆို

အင်ကာရာ ဇွန် ၂၀

တူရကီ အရှေ့တောင်ပိုင်းရှိ အင်ကာလစ်လေတပ်စခန်းကို အစိုးရကပိတ်ပေးရန် တောင်းဆိုသည့် ဆန္ဒပြပွဲတစ်ရပ်ကို အဆိုပါစစ်စခန်းအပြင်ဘက်တွင် စနေနေ့ကပြုလုပ်ကြောင်း အင်နာတိုလီယာသတင်းဌာနက သတင်းထုတ်ပြန်သည်။

အမေရိကန်စစ်ဘက်သည် အရှေ့အလယ်ပိုင်းဒေသတွင် လူအများကို အစုအပြုံလိုက် သတ်ဖြတ်မှုများ ပြုလုပ်နိုင်ရန် အင်ကာလစ် စစ်စခန်းကို အသုံးချနေကြောင်း အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြသူများ၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အသုံးချ

အမေရိကန်စစ်ဘက်က အရှေ့အလယ်ပိုင်းဒေသနှင့် ပတ်သက်သော ၎င်း၏အစီအစဉ်များအား အကောင်အထည်ဖော်ရာတွင် အင်ကာလစ် လေတပ်စခန်းကို အသုံးချလျက်ရှိကြောင်း၊ အီရတ်နိုင်ငံ ဆောင်ရွက်သည့် စစ်ဆင်ရေး လုပ်ငန်းများအတွက် ထောက်ပံ့ပို့ဆောင်ရေး အချက်အချာအဖြစ် အင်ကာလစ် လေတပ်စခန်းကို အမေရိကန်စစ်ဘက်က အသုံးပြုခွင့်ကို သက်တမ်းတိုးခြင်းမပြုရန် တူရကီပြည်သူ ၈၈ ရာခိုင်နှုန်းခန့်က လိုလားကြောင်း၊ အင်ကာလစ်လေတပ်စခန်း အပါအဝင် နိုင်ငံခြားစစ်စခန်းများအားလုံးကို ပိတ်သိမ်းရမည်ဖြစ်ကြောင်း ဆန္ဒပြသူများက ပြောကြားသည်။

ကန့်ကွက်

ဆန္ဒပြသမားများသည် တူရကီ အရှေ့တောင်ပိုင်းရှိ အင်ကာလစ် ကျေးရွာသို့ ဘတ်စ်ကားများဖြင့် ရောက်ရှိလာရာ၌ တူရကီတပ်ဖွဲ့ဝင်များက လုံခြုံရေးတင်းကျပ်ထားသည်။ လူအမြောက်အမြား ပါဝင်ဆန္ဒပြသည့် ယင်းဆန္ဒပြပွဲတွင် ပါဝင်သူများမှာ ပါတီပေါင်းစုံတို့မှ အဖွဲ့ဝင်များဖြစ်ကြသည်။

အတည်ပြု

အင်ကာလစ် လေတပ်စခန်းအား အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ အမေရိကန်စစ်ဘက်၏ စစ်ဆင်ရေးလုပ်ငန်းများအတွက် အချက်အချာ စစ်စခန်းအဖြစ် သုံးစွဲခွင့်ပေးသည့် အစိုးရ၏ အမိန့်ဒီကရီကို နောက်ထပ်တစ်နှစ်သက်တမ်းတိုးရန် တူရကီသမ္မတ အာမက်နက်ဒါဆီဇာက ဧပြီလအတွင်းက အတည်ပြုပေးခဲ့သည်။

အသုံးချ

အမေရိကန်နှင့် ဗြိတိသျှစစ်လေယာဉ်များသည် ၁၉၉၁ ခုနှစ်တွင် ပင်လယ်ကွေ့စစ်ပွဲ ပြီးဆုံးခဲ့ချိန်နောက်ပိုင်း အီရတ်နိုင်ငံမြောက်ပိုင်းဒေသ မပျံသန်းရဇုန်နယ်မြေတွင် ကင်းလှည့်ပျံသန်းရန် အင်ကာလစ်လေတပ်စခန်းကို အသုံးချခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ရှေးဟောင်းအီဂျစ်နိုင်ငံ၏ ဖန်ထည်မှန်ထည်စက်ရုံ နိုင်းလ်မြစ်ဝကျွန်းပေါ် ဒေသတွင် ရှာဖွေတွေ့ရှိ

ဝါရှင်တန် ဇွန် ၂၀

ရှေးဟောင်း အီဂျစ်နိုင်ငံ၏ ဖန်ထည်မှန်ထည် စက်ရုံတစ်ရုံကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ယင်းစက်ရုံနှင့်ပတ်သက်၍ ပထမဦးဆုံးသော ခိုင်လုံသည့် အထောက်အထားများကို ဖော်ထုတ်နိုင်ကြောင်း ဗီဘီအိုင်သတင်းတွင် ဖော်ပြသည်။

လန်ဒန်တက္ကသိုလ်မှ ရှေးဟောင်းသုတေသနပညာရှင် သီလိုရီရင်သည် လွန်ခဲ့သည့် ၁၂ နှစ်က နိုင်းလ်မြစ်ဝကျွန်းပေါ် အရှေ့ပိုင်းရှိ ကန်တာပီရာမီစီးဒေသသို့ သွားရောက်ခဲ့ပြီး ဘီစီ ၁၂၅၀ က ရှေးဟောင်းစက်မှုလုပ်ငန်းနေရာ အပျက်အစီးများနေရာရှိ ရှေးဟောင်း လူ့အသုံးအဆောင်ပစ္စည်းများကို စစ်ဆေးခဲ့ကြောင်း သိပ္ပံဂျာနယ်တွင် ဖော်ပြထားသည်။

ကြေးသွန်းလောင်းထားသည့် ပစ္စည်းအများအပြားကို တွေ့ရကြောင်း၊ အပျက်အစီးများကြားတွင် ပစ္စည်းတစ်ခုနှင့်တစ်ခု တပ်ဆင်ရန် အံဝင်ခွင်ကျမဖြစ်သော ပစ္စည်းအများအပြားကို တွေ့ရကြောင်း၊ တစ်မူထူးခြားနေသည့် ပစ္စည်းများမှာ ဖန်ထည်မှန်ထည်လုပ်ငန်းနှင့် ဆက်နွှယ်မှုရှိကြောင်းကို တစ်နှစ်နှစ်နှစ်ကြာ လေ့လာပြီးမှ သိရှိခဲ့ရကြောင်း ၎င်းကပြောကြားသည်။

၂၀၀၃ ခုနှစ်တွင် ကန်တာဒေသ၌ တူးဖော်မှုများ ပြုလုပ်ပြီးမှသာ အီဂျစ်နိုင်ငံတွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ဖန်ထည်မှန်ထည်လုပ်ငန်းရှိခဲ့ဖူးကြောင်း သုတေသီများက ပြောဆိုနိုင်ကြသည်။ ***အမ်အင်အေ၊ပီတီအိုင်။***

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ပိုင်းတွင် ကားဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများအား အမေရိကန်တပ်ဖွဲ့ဝင်များ စစ်ဆေးနေသည်ကို ဇွန် ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖော်လူဂျာတွင် ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား

ဖော်လူဂျာ ဇွန် ၂၀

ဘဂ္ဂဒက်မြို့အနောက်ဘက် ဖော်လူဂျာမြို့ရှိ အီရတ် အစ္စလာမ့်စ်ပါတီဌာနချုပ်ရှိရာနေရာ၌ ကင်းလှည့်နေသော အီရတ်တပ်ဖွဲ့များကို စနေနေ့တွင် ကားဗုံးခွဲ၍တိုက်ခိုက်သည့် အဖြစ်အပျက်တစ်ခု ဖြစ်ပွားခဲ့သည်။ အခင်းဖြစ်ပွားမှုကြောင့် အီရတ်တပ်ဖွဲ့ဝင် ၁၄ ဦး သေဆုံးသွားပြီး အခြားရှစ်ဦး ဒဏ်ရာရရှိသွားကြောင်း မျက်မြင်တွေ့ရှိရသူများနှင့် ကျန်းမာရေးဌာနမှ လာသော သတင်းများအရသိရသည်။

ဖော်လူဂျာမြို့ဆေးရုံသို့ သေဆုံးနေသော အီရတ်တပ်ဖွဲ့ဝင် ၁၄ ဦးတို့၏ အလောင်းများနှင့် ဒဏ်ရာရရှိသူ တပ်ဖွဲ့ဝင်ရှစ်ဦးတို့ ရောက်ရှိလာကြသည်။ ဒဏ်ရာပြင်းထန်သူ တပ်ဖွဲ့ဝင်လေးဦးကို နောက်ပိုင်းတွင် ဘဂ္ဂဒက်ဆေးရုံသို့ ဆက်လက်သယ်ဆောင်သွားကြသည်ဟု အမည်မဖော်လိုသူ ဖော်လူဂျာ ဆေးဝန်ထမ်းတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

အီရတ် အစ္စလာမ့်စ်ပါတီဌာနချုပ်ရှိရာကို ဝိုင်းရံစောင့်ကြပ်ထားကြသော အီရတ် တပ်ဖွဲ့ဝင်များအတွင်းသို့ ပေါက်ကွဲစေတတ်သည့် ပစ္စည်းများ တင်ဆောင်ထားသည့်ကားကို မောင်းနှင်ကာ ညနေ ၄ နာရီ ၄၅မိနစ်အချိန်တွင် ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ပေါက်ကွဲမှုဖြစ်ပွားချိန်တွင် အဆိုပါနေရာ၌ အရပ်သူအရပ်သား တစ်ဦးတစ်လေမျှ ရှိမနေသောကြောင့် အရပ်သားများ ထိခိုက်မှုမရှိခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကျွဲ၊ နွား ပေါင်ပုပ်၊ လက်ပုပ်ရောဂါ ဇင်ဘာဘွေနိုင်ငံတွင် ဖြစ်ပွားနေ

ဟာရာရေး ဇွန် ၂၀

ဇင်ဘာဘွေနိုင်ငံ ဒါဝန်တောင်ရှိရာ အရပ်တွင် ပေါင်ပုပ် လက်ပုပ်ရောဂါ ဖြစ်ပွားမှုကြောင့် ကျွဲ၊ နွား အကောင် ၄၀ ကျော် သေဆုံးခဲ့ရပြီဖြစ်ကြောင်း ဇင်ဘာဘွေနိုင်ငံ တိရစ္ဆာန်ရောဂါကုဌာနက ကြာသပတေးနေ့တွင် ထုတ်ပြန်ကြေညာသည်။ ထိုပေါင်ပုပ် လက်ပုပ်ရောဂါမှာ ဇင်ဘာဘွေနိုင်ငံတစ်နိုင်ငံလုံးတွင် အတွေ့ရများသော ကျွဲ၊ နွားရောဂါဖြစ်ပြီး ဘက်တီးရီးယားပိုးကြောင့် ဖြစ်ပွားရသော ရောဂါဖြစ်သည်ဟု တိရစ္ဆာန်ရောဂါကု ဌာနမှ အကြီးအကဲ စတူးဝဒ်ဟားဂရေဗ်က ပြောကြားသည်။ အဆိုပါရောဂါကို ဖြစ်ပွားစေသော ရောဂါပိုးကို အပေါ်ယံမြေလွှာတွင် တွေ့ရတတ်ကြောင်း၊ ထိုရောဂါမှာ ခွာနာလျှာနာကဲ့သို့ ကူးစက်ပျံ့နှံ့မှုမြန်ဆန်ခြင်း မရှိကြောင်းလည်း သိရသည်။

ကာကွယ်နိုင်

ပေါင်ပုပ်လက်ပုပ် ရောဂါမဖြစ်ပွားစေရန် ကျွဲ၊ နွားအငယ်များကို သုံးနှစ်သားအရွယ်ကတည်းက စ၍ ရောဂါကာကွယ်ဆေးထိုးပေးရန် လိုအပ်ကြောင်း၊ ထိုအချက်ကို လယ်သမား၊ မွေးမြူရေးသမားများက လိုက်နာခြင်းဖြင့် ကာကွယ်နိုင်ကြောင်း ဟိုဂရေးဗ်က ဆက်လက်ပြောကြားသည်။

ထိုရောဂါသည် ကျွဲ၊ နွားအငယ်များတွင် အဖြစ်များသည်။ များသောအားဖြင့် အသက် ခြောက်လသားမှ ကိုးလသားအရွယ်တွင် အဖြစ်များလေ့ရှိသည်ဟုဆိုသည်။ တိရစ္ဆာန်အငယ်များ၏ သွေးမှာ ကောင်းစွာ မဖွံ့ဖြိုးသေးသဖြင့် အောက်စီဂျင်ဓာတ်ကို ကောင်းစွာ သယ်ဆောင်နိုင်သော အခြေအနေ မရှိပေ။

ထိုအချိန်တွင် ရောဂါကူးစက်ခံရပါက ကျွဲ၊ နွားတို့၏ ခြေလက်များရှိ ကြွက်သားများဆီသို့ အောက်စီဂျင်ဓာတ် အလုံအလောက်ရောက်အောင် မပို့ဆောင်နိုင်သဖြင့် ပေါင်ပုပ် လက်ပုပ် ဖြစ်ပွားရကြောင်းသိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ဆင်ခြေဖုံးဒေသတွင် လုံခြုံရေး စောင့်ကြပ်နေသော အီရတ်တပ်ဖွဲ့ဝင်နှစ်ဦးကို ဇွန် ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် ပြင်သစ်သတင်းစာဆရာများ အန္တရာယ်ကြီးမား အခြေအနေကို လေ့လာနေကြောင်း ပြင်သစ်ဝန်ကြီးချုပ် ပြောကြား

ပါရီ ဇွန် ၂၀

အီရတ်နိုင်ငံ၏ လတ်တလောအခြေအနေသည် ပြင်သစ်လူမျိုး သတင်းစာဆရာများအတွက် အလွန်တရာဘေးအန္တရာယ်ရှိနေသော အခြေအနေဖြစ်ကြောင်း ပြင်သစ်ဝန်ကြီးချုပ် ဒီဗီလက်ပင်က သတိပေးပြောကြားလိုက်သည်။

မိမိတို့အနေဖြင့် အီရတ်နိုင်ငံ၏ လတ်တလောအခြေအနေကို ပြတ်ပြတ်သားသား စူးစမ်းလေ့လာလျက်ရှိနေကြောင်း၊ အဘယ်ကြောင့်ဆိုသော် အခြေအနေသည် မီဒီယာသတင်းဌာနနှင့် အထူးသဖြင့် အီရတ်နိုင်ငံတွင်ရှိနေသည့် ပြင်သစ် သတင်းစာဆရာများအတွက် အလွန်တရာ ဘေးအန္တရာယ်ရှိနေသည်ဟု မိမိတို့ သိမြင်ထားကြောင်း ဒီဗီလက်ပင်က ဆက်လက်ပြောကြားသည်။

ကမ္ဘာတစ်ဝန်းရှိ မိမိတို့၏ သတင်းဌာနမှ ကိုယ်စားလှယ်များ တွေ့ကြုံနိုင်သည့် ဘေးအန္တရာယ်များနှင့် စပ်လျဉ်းသော တိကျပြီး အရေးကြီးသည့်သတင်းရရှိထားသည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

မိမိအနေဖြင့် သတင်းစာ လွတ်လပ်ခွင့်နှင့် လူတိုင်း၏ တာဝန်ပိုင်းဆိုင်ရာ တောင်းဆိုချက်များအား ဖြည့်ဆည်းပေးရေးအတွက် ပြင်သစ်မီဒီယာ သတင်းဌာနနှင့်အတူ သင့်တင့်လျောက်ပတ်သည့် ဆုံးဖြတ်ချက်များ ရရှိစေရန် ကြိုးပမ်းမည်ဟု ၎င်းက ကတိကဝတ်ပြုသည်။

ပြင်သစ် လက်ဝဲ လစ်ဘရေးရှင်း သတင်းစာမှ အမျိုးသမီးသတင်းစာဆရာနှင့် ၎င်း၏စကားပြန်တို့ ရက်ပေါင်း ၁၅၇ ရက် ဓားစာခံအဖြစ် အဖမ်းခံရပြီး ပြန်လည်လွတ်မြောက်လာခဲ့ပြီးသည့်နောက် သတင်းစာဆရာများ အီရတ်သို့ သတင်းသွားရောက်ယူရန် ဘေးအန္တရာယ် ရှိနေသည်ဟု အများက စိတ်သောကရောက်လျက် ရှိကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကားဗုံးပေါက်ကွဲမှုကြောင့် အယ်လ်ဟာရီရီ သေဆုံးရကြောင်း အတည်ပြုပြောကြား

ဘေရွတ် ဇွန် ၂၀

ကုန်တင်ထရပ်ကားကို အသုံးပြု၍ ဗုံးခွဲမှုကြောင့် လက်ဘနွန်ဝန်ကြီးချုပ်ဟောင်း ရာဖစ်အယ်လ်-ဟာရီရီ သေဆုံးခဲ့ရကြောင်းဖြင့် အယ်လ်-ဟာရီရီ လုပ်ကြံသတ်ဖြတ်မှုအတွက် စစ်ဆေးနေသည့် နိုင်ငံတကာ စုံစမ်းရေးအဖွဲ့အကြီးအကဲက သောကြာနေ့တွင် အတည်ပြုပြောကြား လိုက်သည်။

ယင်းပေါက်ကွဲမှုနှင့် ပတ်သက်၍ အခြားဖြစ်နိုင်သော သံသယများရှိနေသေးကြောင်း၊ မြေအောက် ပေါက်ကွဲမှုဟု ဖော်ပြထားခြင်း မရှိကြောင်းဖြင့် အဖွဲ့ခေါင်းဆောင် ဒက်လက်မီဟစ်စ်က မစ်ဆူဘီရှီအမျိုးအစား ထရပ်ယာဉ်၏ဓာတ်ပုံကို သတင်းထောက်များအား ပြသရင်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

နယ်စပ်ဒေသ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးရေး မလေးရှားနှင့်ထိုင်း ပူးတွဲလေ့လာရန် သဘောတူ

ကွာလာလမ်ပူ ဇွန် ၂၀

မလေးရှားနှင့် ထိုင်းနိုင်ငံတို့သည် ၎င်းတို့၏ နှစ်နိုင်ငံ နယ်စပ်ဒေသအနီးရှိ ကိုလော့မြစ်၏ မြစ်ဝှမ်းဒေသတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးရေးဆိုင်ရာ လေ့လာချက်တစ်ရပ်ကို မကြာမီ ပူးတွဲပြုလုပ်မည်ဖြစ်ကြောင်း ဘာနားမား သတင်းဌာနက တနင်္ဂနွေနေ့တွင် သတင်းထုတ်ပြန်သည်။

မလေးရှားနှင့် ထိုင်းအစိုးရအဖွဲ့တို့သည် ၎င်းတို့၏ နယ်စပ်ဒေသပူးတွဲစီမံကိန်းများ၏ တစ်စိတ်တစ်ဒေသအဖြစ် ကိုလော့မြစ်ဝှမ်းဒေသကို ဖွံ့ဖြိုးတိုးတက်သောဒေသ ဖြစ်လာစေရန် လိုလားကြကြောင်း မလေးရှားဝန်ကြီးချုပ်ရုံးဝန်ကြီး မုစတာဖာမိုဟာမက်က ဇီလန်တန်ပြည်နယ် မြို့တော် ကိုတာဘာရူးမြို့သို့ ရောက်ရှိနေစဉ် ပြောကြားကြောင်း သတင်းဌာနက ဖော်ပြသည်။

အင်ဒိုနီးရှား– မလေးရှား– ထိုင်း ဖွံ့ဖြိုးရေး တြိဂံဒေသတာဝန်ရှိသူများ၏ အစည်းအဝေးတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးဆောင်ရွက်ရန် သဘောတူညီခဲ့ကြကြောင်း မိုဟာမက်က ပြောကြားသည်။

ထောက်ပံ့

ကိုလော့မြစ်ကို ဖြတ်သန်း၍ တံတားသစ်တစ်စင်း တည်ဆောက်ရေး ဖြစ်တန်ခြေ လေ့လာမှုတစ်ရပ်ကို ပြုလုပ်ရန် အဆိုပါ အစည်းအဝေးတွင် သဘောတူညီခဲ့ကြောင်း၊ မြစ်ကူးတံတား တည်ဆောက်ရာတွင် မလေးရှားနိုင်ငံက ရန်ပုံငွေ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံတောင်ပိုင်း တက်မိုင်မြို့နှင့် ပန်ကလန်ကူးဘားမြို့တို့ကို ဆက်သွယ်မည့် တံတား တည်ဆောက်ရာတွင် ထိုင်းနိုင်ငံက ရန်ပုံငွေ ကျခံမည်ဖြစ်ကြောင်း မိုဟာမက်က ပြောကြားသည်။ ၎င်းသည် သုံးနိုင်ငံဖွံ့ဖြိုးရေး တြိဂံဒေသ အစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

လက်မှတ်ရေးထိုး

ကိုလော့မြစ်ကို ဖြတ်သန်း၍ ဒုတိယမြောက် တံတားတစ်စင်းတည်ဆောက်ရန် သဘောတူညီချက် တစ်ရပ်ကို မလေးရှားနှင့်ထိုင်း နှစ်နိုင်ငံ ခေါင်းဆောင်များက လွန်ခဲ့သည့် အောက်တိုဘာလက လက်မှတ်ရေးထိုးခဲ့သည်။ သို့ရာတွင် ယခုအချိန်အထိ ယင်းတံတား တည်ဆောက်ရေးကိစ္စအတွက် တိုးတက်အောင် လုပ်ဆောင်နိုင်ခြင်း မရှိခဲ့ပေ။

ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဆူပါမောင်ကွန်းသည် ဇွန် ၈ ရက်မှစ၍ မလေးရှားနိုင်ငံတွင် ငါးရက်ကြာ ရှိနေစဉ်ကာလအတွင်း ပူးတွဲနယ်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းမှုများ ဆက်လက်ပြုလုပ်သွားရန် မလေးရှားနိုင်ငံခြားရေးဝန်ကြီးနှင့် သဘောတူညီခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂျပန်နိုင်ငံ၏ ကျည်ဆန်ရထားကို ရှင်အိုင်ဝါကူနီဘူတာရုံတွင် ဇွန် ၂၀ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ကြက်ငှက်တုပ်ကွေးရောဂါ ဖိလစ်ပိုင်၌ကာကွယ် မွေးမြူရေးလုပ်ငန်း မထိခိုက်စေရေး ဆောင်ရွက်

မနီလာ ဇွန် ၂၁

ဖိလစ်ပိုင်နိုင်ငံတွင် ကြက်ငှက်မွေးမြူရေးလုပ်ငန်းတွင် ကြက်ငှက်တုပ်ကွေး ဖြစ်ပွားလာပါက ကြက်ငှက် သေဆုံးမှုနှုန်းများပြားနိုင်သည့်အတွက် ကြိုတင်ကာကွယ်နိုင်ရန် ဖိလစ်ပိုင်အစိုးရက ဗုဒ္ဓဟူးနေ့တွင် ကာကွယ်ရေး အစီအစဉ်တစ်ရပ်ကို ချမှတ်လိုက်သည်။

အဆိုပါ ကြက်၊ ငှက် မွေးမြူရေးလုပ်ငန်းသည် တိုင်းပြည်အတွက် ဝင်ငွေအမေရိကန်ဒေါ်လာ ၂ ဒသမ ၇၇ ဘီလီယံ ရှာဖွေပေးလျက်ရှိသည်။ ဖိလစ်ပိုင်စီးပွားရေးအတွက် အရေးပါသော ကြက်ငှက်မွေးမြူရေးလုပ်ငန်းကို ထိခိုက်စေနိုင်သဖြင့် စိုက်ပျိုးရေးဌာန၊ ကျန်းမာရေးဌာနနှင့် ဖိလစ်ပိုင်ချာရီတီဆို့ စတိတ်စ်အဖွဲ့တို့ ပူးပေါင်း၍ ကြက်၊ ငှက် တုပ်ကွေးကာကွယ်ရေး ပထမအဆင့် အစီအစဉ်များကို ပြင်ဆင်ဆောင်ရွက်ခဲ့သည်။

စားသုံးသူများအတွက် ရိက္ခာမပြတ်ထောက်ပံ့နိုင်စေရန်နှင့် ကြက်၊ ငှက် မွေးမြူရေးလုပ်ငန်းအတွက် ကာကွယ်ရေးလုပ်ငန်း ပထမအဆင့်ကို အစိုးရက ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် စိုက်ပျိုးရေးဝန်ကြီး အာသာရက်ဖ်က ပြောကြားသည်။

နိုင်ငံတွင် အဆိုပါ ကြက်ငှက်ရောဂါဗိုင်းရပ်စ်ဖြစ်ပွားလာပါက ကုသခြင်းနှင့် ကြိုတင် ကာကွယ်ခြင်းတို့အတွက် ဖိလစ်ပိုင်ချာရီတီဆို့စတိတ်စ် အဖွဲ့က အမေရိကန်ဒေါ်လာ ၉၈၀၀၀၀ မတည်မည်ဖြစ်ကြောင်းလည်း ၎င်းကပြောဆိုခဲ့သည်။

စီစဉ်ထား

ယခုနှစ်ကုန်ပိုင်းတွင် ပီဆိုနှစ်ဘီလီယံ တန်ဖိုးရှိ ကြက်၊ ငှက်ကီလို ၁၀ သန်းကို ပြည်ပသို့တင်ပို့ရန် ဖိလစ်ပိုင်နိုင်ငံက စီစဉ်ထားကြောင်း၊ ထိုပမာဏပြည့်မီအောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း မာလာကာနန်သမ္မတနန်းတော်တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ရက်ဖ်ကပြောကြားသည်။

ယခုနှစ်၏ ပထမငါးလပတ်အတွင်း ဖိလစ်ပိုင်နိုင်ငံ၏ ကြက်၊ ငှက်တင်ပို့မှုပမာဏသည် ကီလို ၃ ဒသမ ၅ သန်း ရှိပြီး ယမန်နှစ်က တင်ပို့မှုထက် နှစ်ဆကျော် များပြားလာသည်။

ဖိလစ်ပိုင်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများတွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားသော်လည်း ဖိလစ်ပိုင် နိုင်ငံတွင် အဆိုပါ ကြက်ငှက်တုပ်ကွေးရောဂါပိုးမရှိသောကြောင့် ကြက်၊ ငှက်တင်ပို့မှုလုပ်ငန်းသည် တိုးတက်လာခြင်း ဖြစ်သည်ဟု ၎င်းကဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

တိုကျိုမြို့မှ ရတနာဆိုင်ကို ဓားပြတိုက်မှု တရားခံနှစ်ဦး ထပ်မံဖမ်းမိ

ဘဲလ်ဂရိတ် ဇွန် ၂၀

တိုကျိုမြို့ရှိ ရတနာဆိုင်တစ်ဆိုင်ကို ယမန်နှစ်က ဓားပြတိုက်ရာ၌ ပါဝင်ခဲ့သူလေးဦးအနက် နောက်ဆုံးတရားခံနှစ်ဦးကို ဖမ်းဆီးနိုင်ခဲ့ပြီ ဖြစ်ကြောင်း ဆားဘီးယားပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဖမ်းဆီး

နောက်ဆုံး ဖမ်းဆီးခံရသူ ဓားပြနှစ်ဦးမှာ ဂျော်ဂျီယာဆိုဗစ်နှင့် စနာဇနာပါနာဂျိုတောဗစ်တို့ ဖြစ်ကြသည်။ ၎င်းတို့နှစ်ဦးစလုံးသည် ဆားဘီးယားနိုင်ငံသားများဖြစ်ကြပြီး ထိုနှစ်ဦးကို ဘဲလ်ဂရိတ်မြို့နှင့် ပေါ့ဒ်ဂေါရီးယားမြို့များတွင် ဖမ်းဆီးနိုင်လိုက်ခြင်းဖြစ်သည်။ ၎င်းတို့ကို ခိုးမှု၊ ဓားပြမှုနှင့် စာရွက်စာတမ်း အတုပြုလုပ်မှုများ ဖြင့် ဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း ဝန်ကြီးဌာနက ဖော်ပြသည်။

၃၃ သန်းဖိုးရှိ

အဆိုပါ လူဆိုးဂိုဏ်းသည် ယမန်နှစ်မတ်လက တိုကျိုမြို့ရှိ ရတနာဆိုင်တစ်ဆိုင်ကို ဓားပြတိုက်ခဲ့ကြပြီး အမေရိကန်ဒေါ်လာ ၃၃ သန်းဖိုးရှိ ရတနာများကို လုယက်ယူငင်သွားကြကြောင်း ဝန်ကြီးဌာန ထုတ်ပြန်ချက်တွင် ရေးသားထားသည်။

ထိုဓားပြမှုဖြစ်ပွားသည့် အချိန်မှစ၍ ဆားဘီးယားပြည်ထဲရေးဝန်ကြီးဌာနနှင့် တရားရေးရာဌာနတို့သည် ဘဲလ်ဂရိတ်မြို့ရှိ ဂျပန်သံရုံးနှင့် အဆိုပါ အမှုနှင့်ပတ်သက်သော သတင်းများ ဖလှယ်ခြင်းနှင့် ညှိနှိုင်းမှုများ ဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ယင်းအမှုနှင့် ဆက်စပ်နေသော အခြားတရားခံနှစ်ဦးမှာ အလက်ဇန္ဒားရာဒူလိုဗစ်နှင့် ဒေါ်ရသီဖာဆိုလာမေတို့ဖြစ်သည်။ ပထမတရားခံမှာ ဒိန်းမတ်နိုင်ငံ အကျဉ်းထောင်တွင် အဖမ်းခံနေရပြီး၊ ဒုတိယတရားခံမှာ ဂျပန်နိုင်ငံတွင် တရားစွဲဆို ခံနေရဆဲဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ပန်းမန်စိုက်ပျိုးထုတ်လုပ်သည့်လုပ်ငန်းများ၌ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုရရှိရေး ဗီယက်နမ်ဆွဲဆောင်

ဟနွိုင်း ဇွန် ၂၀

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း ကုန်းမြင့်ဒေသတည်ရှိရာ လမ်ဒေါင်ပြည်နယ်တွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် ပန်းမန်စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်း မြင့်မားတိုးတက်လာစေရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန် ဗီယက်နမ်အစိုးရက ကြာသပတေးနေ့တွင် တိုက်တွန်းလိုက်သည်။

ဗီယက်နမ်နိုင်ငံ၏ သာယာလှပသော သဘာဝရှုမျှော်ခင်းများတည်ရှိရာ လမ်ဒေါင်ပြည်နယ် မြို့တော် ဒါလတ်စီးတီးတွင် ဒီဇင်ဘာ ၁၀ ရက်မှ ၁၈ ရက်အထိ ပထမအကြိမ် ပန်းမန်ပွဲတော်တစ်ရပ်ကို ပြသမည်ဖြစ်ကြောင်း ပြည်နယ်ပြည်သူ့ကော်မတီ ဒုတိယဥက္ကဋ္ဌထရန်ဝန်မူးကသတင်းစာရှင်းလင်းပွဲတွင်ပြောကြားသည်။ လမ်ဒေါင်ပြည်နယ်တွင် ပြသမည့် ပန်းမန်ပွဲတော်တွင် ဗီယက်နမ်နိုင်ငံ၏ ပန်းမျိုးများ၊ အာရှနှင့် ဥရောပတို့ရှိ ပန်းမျိုးများကို ပြသမည့် ပန်းမန်ပြပွဲကိုလည်းကောင်း၊ လက်မှုပညာနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဆိုင်ရာ ကုန်စည်ပြပွဲကိုလည်းကောင်း၊ ဖျော်ဖြေပွဲများနှင့် ရုပ်ရှင်ရက်သတ္တပတ် အစီအစဉ်အပါအဝင် ယဉ်ကျေးမှုအစီအစဉ်များကိုလည်းကောင်း ထည့်သွင်းကျင်းပရန် စီစဉ်ထားကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ကွန်ပျူတာဆော့ဖ်ဝဲလ်ထုတ်လုပ်နေသော အင်ဂျင်နီယာများကို ဇွန် ၂၀ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

တရုတ်နိုင်ငံ၏ စက်မှုလုပ်ငန်း မေလတွင် ၁၆ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်

ပေကျင်း ဇွန် ၂၀

တရုတ်နိုင်ငံ၏ အကြီးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများသည် နှစ်စဉ် တိုးတက်လျက်ရှိပြီး မေလတွင် ၁၆ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ တန်ဖိုးအားဖြင့် ယွမ်ငွေ ၅၇၀ ဒသမ ၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၆၉ ဘီလီယံ)ခန့်ရှိကြောင်း အမျိုးသားဗျူရိုစာရင်းအင်းဌာန၏ ဗုဒ္ဓဟူးနေ့ ထုတ်ပြန်ချက် အစီရင်ခံစာအရ သိရသည်။

အကြီးစားစက်မှုလုပ်ငန်းကဏ္ဍသည် ၁၇ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်လာပြီး ပမာဏအားဖြင့် ယွမ်ငွေ ၃၉၇ ဒသမ ၁ ဘီလီယံတိုးတက်ခဲ့သည်။ အကြီးစားစက်မှုကဏ္ဍ၏တိုးတက်မှုသည် အသေးစား စက်မှုကဏ္ဍထက် ၂ ဒသမ ၅ ရာခိုင်နှုန်း မြင့်မားခဲ့သည်။

တိုးတက်

လျှပ်စစ်လုပ်ငန်း၊ ကျောက်မီးသွေးလုပ်ငန်းနှင့် ရေနံလုပ်ငန်းတို့တွင် ၁၃ ဒသမ ၅ ရာခိုင်နှုန်း၊ ၁၁ ဒသမ ၆ ရာခိုင်နှုန်းနှင့် ၅ ဒသမ ၃ ရာခိုင်နှုန်း အသီးသီးတိုးတက်လာခဲ့သည်။ အလားတူ သံကြွပ်လုပ်ငန်း၊ သံမဏိလုပ်ငန်း၊ သံမဏိလိပ် ထုတ်လုပ်မှုလုပ်ငန်း စသည့် လုပ်ငန်းများတွင် ၄၀ ဒသမ ၉ ရာခိုင်နှုန်း၊ ၃၇ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၃၅ ဒသမ ၅ ရာခိုင်နှုန်း အသီးသီး တိုးမြှင့်လာသည်။

၃၀ ရာခိုင်နှုန်း

ပြည်ပသို့တင်ပို့သော လုပ်ငန်းကဏ္ဍ ၁၂ ခုမှ ယွမ်ငွေ ၁၀ ဘီလီယံရရှိခဲ့ပြီး ထိုလုပ်ငန်း ၁၂ ခု အနက် ခုနစ်ခုတွင် ၃၀ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း တွေ့ရသည်။ အဆိုပါ လုပ်ငန်းများထဲမှ သံရည်ကျိုလုပ်ငန်းနှင့်သတ္တုပုံဖိလုပ်ငန်းတို့သည် တိုးတက်မှု အမြန်ဆုံးဖြစ်ပြီး တိုးတက်နှုန်းမှာ ၇၄ ဒသမ ၁ ရာခိုင်နှုန်း ရှိသည်။

အခြားတိုးတက်လျက်ရှိသောလုပ်ငန်းများဖြစ်သည့် ကုန်ထုတ်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ဓာတုဗေဒကုန်ကြမ်းပစ္စည်းနှင့် ကုန်ချောလုပ်ငန်း၊ သတ္တုလုပ်ငန်းနှင့် အထည်အလိပ်၊ အဝတ်အထည်နှင့် ဖိနပ်လုပ်ငန်း စသည့်လုပ်ငန်းများ၏ တိုးတက်နှုန်းမှာ ၃၀ ဒသမ ၇ ရာခိုင်နှုန်းမှ ၃၈ ဒသမ ၃ ရာခိုင်နှုန်းအထိ ရှိကြောင်းသိရသည်။

အတည်ပြု

တရုတ်နိုင်ငံ၏ အကြီးစားနှင့် အလတ်စားစက်မှုလုပ်ငန်းသည် နှစ်စဉ် ၁၆ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်လျက်ရှိပြီး ယခုနှစ်၏ ပထမငါးလပတ်အတွင်း တိုးတက်မှုသည် စုစုပေါင်းပမာဏသည် ယွမ်ငွေ ၂ ဒသမ ၅၉၄ ထရီလီယံရှိသည်ဟု သက်ဆိုင်ရာများက အတည်ပြု ပြောကြားခဲ့သည်။
အမ်အင်အေ၊ဆင်ဟွာ။

၂၀၀၅ ခုနှစ်၊ ဇူလိုင်လ (၃) ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို

သမိုင်းကြောင်းကို အခြေခံသော မြန်မာအမျိုးသမီးများနေ့ (ဇူလိုင်လ ၃ ရက်နေ့)

အိမ့်ဒါလီ

မြန်မာနိုင်ငံလူဦးရေ၏ ၄၉ ဒသမ ၇ ရာခိုင်နှုန်းသည် အမျိုးသားဦးရေဖြစ်ပြီး ၅၀ဒသမ ၃ ရာခိုင်နှုန်းမှာ အမျိုးသမီးဦးရေဖြစ်သည်။ မြန်မာနိုင်ငံတွင် အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ ပညာသင်ခွင့်၊ အလုပ်လုပ်ခွင့် စသည့်အခွင့်အရေးများရရှိကြသည်။ ယနေ့မြန်မာ အမျိုးသားများ၏ ပျမ်းမျှသက်တမ်းမှာ ၆၀ ဒသမ ၆ နှစ်ဖြစ်ပြီး အမျိုးသမီးများ၏ ပျမ်းမျှသက်တမ်းမှာ ၆၄ ဒသမ ၅ နှစ်ရှိသည်။ မြန်မာနိုင်ငံ၏ လူဦးရေမှာ ၅၄ သန်းကျော်ရှိရာ အမျိုးသမီးဦးရေက ၂၇ သန်းကျော်ရှိနေသည်။

ယနေ့ ဖွံ့ဖြိုးတိုးတက်လှပါသည်ဆိုသော၊မိမိတို့ကိုယ်မိမိတို့ ဒီမိုကရေစီနိုင်ငံဟု ဟစ်ကြွေးနေသော နိုင်ငံကြီးများတွင် အမျိုးသမီးများအနေဖြင့် အမျိုးသားတို့နှင့်တန်းတူ မဲပေးခွင့်ရကြသည်မှာ ၂၀ ရာစုတစ်ဝက်ကျိုးခါနီးမှသာ ဖြစ်ပေသည်။ မြန်မာနိုင်ငံတွင် အမျိုးသမီးများ ပညာသင်ခွင့်၊ အလုပ်လုပ်ခွင့်၊ အမျိုးသားများနှင့်ရာထူးတာဝန်အဆင့်တူလျှင် လစာလုပ်ခတူညီခွင့်မှာ မွေးရာပါအပြီးအပိုင်ရရှိသော အခွင့်အရေး Vested Right ဖြစ်ပေသည်။ မြန်မာနိုင်ငံတွင်မဲရုံဟူ၍ ပေါ်ကတည်းက မြန်မာအမျိုးသမီးများ မဲထည့်ခွင့်ရရှိခဲ့ကြရသည်။

ပုဂံခေတ် ကျောက်စာများနှင့် အခြားအထောက်အထားများကို လေ့လာလျှင် မြန်မာအမျိုးသမီးများသည် အမျိုးသားတို့နှင့်တန်းတူ အခွင့်အရေးရခဲ့သည့် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေသဘောကို တွေ့ရှိရကြောင်း ပညာရှင်များက တင်ပြခဲ့ကြပြီးဖြစ်သည်။ ဇနီးမယားဖြစ်သူ အမျိုးသမီးသည် ခင်ပွန်းသည် လင်ယောကျ်ားနှင့်အတူ ကုသိုလ်ကောင်းမှုပြုဖက်၊ အိမ်ထောင်စီးပွားအတူရှာဖက်ဖြစ်သော ဘဝကြင်ဖော်အဖြစ် ပုဂံခေတ်ကတည်းက အသိအမှတ်ပြုထားခဲ့ကြသည်။ ခင်ပွန်းသည်ကွယ်လွန်လျှင် ကျန်ရစ်သူဇနီးမယားဖြစ်သည့် အမျိုးသမီးသည် ခင်ပွန်းသည်၏ ပစ္စည်း ဥစ္စာအားလုံးကို ဆက်ခံခွင့်ရှိသည်။ အိမ်ထောင်စုကို ခင်ပွန်းနှင့်အတူတွဲဖက် ထိန်းသိမ်းအုပ်ချုပ်ရသူလည်းဖြစ်သည်။ အလှူအတန်းများကို အမျိုးသားနှင့် အမျိုးသမီးတို့ တန်းတူပြုလုပ်ခွင့်ရှိသည်။

သရေခေတ္တရာတွင် အမျိုးသမီး အဆို၊ အက၊ အတီး အနုပညာရှင်များ ပွဲလယ်တင့်နေပြီဖြစ်သည်။ ပျူယဉ်ကျေးမှုအဖွဲ့ တရုတ်ပြည်သို့ သွားရောက်ကပြတင်ဆက်ရာ၌ အမျိုးသမီး အဆို၊ အက၊ အတီး ပညာရှင် အများအပြားလိုက်ပါသွားခဲ့ကြသည်။

ပုဂံခေတ်တွင်လည်း မြန်မာအမျိုးသမီး အဆို၊ အက၊ အတီး ပညာရှင်များရှိနေကြောင်း ရုပ်တု၊ ရုပ်ကြွ၊ နံရံဆေးရေးပန်းချီ၊ ကျောက်စာတို့၌ တွေ့နိုင်ပေသည်။ ပင်းယ၊ အင်းဝ၊ စစ်ကိုင်း၊ ညောင်ရမ်း၊ တောင်ငူ၊ ကုန်းဘောင်ခေတ်များတွင် အမျိုးသမီးစာဆိုများထွန်းကားခဲ့သည်။ ရှင်မင်း၊ မယ်ခွေ၊ နန်းတွင်းမိညို၊ နန်းတွင်းမိဖြူ၊ ခင်ဆုံ၊ မမြကလေး၊ လှိုင်ထိပ်ခေါင်တင်တို့၏အမည်များ ၎င်းတို့၏စာများ၊ ကဗျာများ၊ သောတာလင်္ကာ(ဂန္ထဝင်သီချင်းကြီး)များသည် မြန်မာ ဂန္ထဝင်စာပေသမိုင်း၌ ကမ္ပည်းတင်လျက်ရှိသည်။

ပုံတောင်ပုံညာ ကျောက်ဖြစ်ရုပ်ကြွင်း သက်သေအထောက်အထား၊ ကျောက်ခေတ် သက်သေအထောက်အထား၊ တကောင်းမှသည် ရတနာပုံအထိ ရှည်လျားသော မြန်မာတို့၏ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့်နေခဲ့သည့် အထောက်အထားအရ မြန်မာတိုင်းရင်းသားတို့သည် ရှေးနှစ်ပေါင်းများစွာကတည်းကပင် ဖြစ်တည်လာခဲ့သော လူမျိုးဖြစ်သည်။ ရေ၊ မြေ၊ သဘာဝ၊ သစ်တော၊ ရေနံ၊ ရွှေ၊ ငွေ၊ သွပ်၊ သံ၊ ခဲမဖြူ၊ ကြေး၊ ပတ္တမြားကျောက်ဆံ၊ စပါးကောက်နံ့ သယံဇာတစုံ ကြွယ်ဝသောနိုင်ငံဖြစ်သည်။ ဤသို့သော ဇာတိပုည ဂုဏ်မာနကို မြန်မာအမျိုးသား၊ အမျိုးသမီးတို့ ဘိုးစဉ်ဘောင်ဆက် မြတ်နိုးဂုဏ်ယူခဲ့ကြသည်။ ဤသည်မှာ ပြည်ချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ပင်ဖြစ်ပေသည်။

ကမ္ဘာ့အနောက်ခြမ်းမှ အရင်းရှင်နယ်ချဲ့သမားများ ကမ္ဘာအနှံ့ဖြန့်ကြက်ပြီး သယံဇာတ ဓနဥစ္စာများ လုယက်ရန် ကျူးကျော်ကျွန်ပြုခဲ့ကြသည့် ၁၈ ရာစု၊ ၁၉ ရာစုတို့တွင် အကျူးကျော်ခံရသော နိုင်ငံများမှ ပြည်သူများသည် မျိုးချစ်ပြည်ချစ်စိတ်အပြည့်အဝဖြင့် နယ်ချဲ့ကို ခုခံတွန်းလှန်ကြသည်။ ၁၈၂၄၊၁၈၅၂၊၁၈၈၅ အင်္ဂလိပ်-မြန်မာစစ်ပွဲသုံးကြိမ်ဖြစ်ပွားရာ၌ မြန်မာတိုင်းရင်းသား အမျိုးသမီး၊ အမျိုးသားတို့၏ သမိုင်းပြောင်လှသော၊ ခုခံတွန်းလှန်သော တိုက်ပွဲများကိုလည်း သမိုင်းတွင် အထင်ကရ တွေ့ရှိကြရမည်ဖြစ်သည်။

တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ၌ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားမျိုးချစ်များက နယ်ချဲ့ကို ရှုပ်ရှုပ်ချွံချွံ ခုခံတိုက်ခဲ့စဉ် ဝက်ထီးကန်တိုက်ပွဲ၌ ရှမ်းတိုင်းရင်းသူအမျိုးသမီးစစ်သည်များ၏ ရဲဝံ့ပြောင်မြောက်သော တိုက်ခိုက်မှုကို အင်္ဂလိပ်စစ်ဗိုလ်များ တအံ့တသြရေးသား ချီးကျူးမှတ်တမ်းတင်ခဲ့ကြရသည်။

၁၉၀၀ ပြည့်နှစ်လွန်နှစ်များအတွင်း အမျိုးသားရေးနှင့် လွတ်လပ်ရေးအတွက် ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ၊ တို့ဗမာအစည်းအရုံး စသည့် အသင်းအဖွဲ့များဖွဲ့စည်း လှုပ်ရှားဆောင်ရွက်ခဲ့ကြရာတွင် အမျိုးသမီးများလည်း ပါဝင်လှုပ်ရှား ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ သယံဇာတပေါကြွယ်ဝပြီး ရေကောင်း၊ မြေကောင်းသီးနှံတဝေဝေ ဖြစ်ထွန်းသော မိမိတို့နိုင်ငံတွင် တိုင်းတစ်ပါးသားနယ်ချဲ့များ ခြယ်လှယ်သွေးစုပ်၊ ဖိနှိပ်ရင်း အမြတ်ထုတ်နေသည်ကို မခံနိုင်သော နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်သည် မြန်မာအမျိုးသမီးများ၏ ရင်တွင်း၌ ရင်နှင့်အမျှရှိနေခဲ့ကြောင်း အမျိုးသမီးထု၏ လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းက ဖော်ပြနေပေသည်။

မြန်မာတို့၏ လွတ်လပ်ရေးတိုက်ပွဲကို ပီပီပြင်ပြင် မြှင့်တင်လာခဲ့သော ဂျီစီဘီအေနှင့် တို့ဗမာအစည်းအရုံး လှုပ်ရှားမှုများ၌ မြန်မာအမျိုးသမီးထုကြီး တက်ကြွစွာပါဝင်ခဲ့ကြသည်။ ၁၉၂၀၊ ၁၉၃၆၊ ၁၉၃၈ ခုနှစ်များအတွင်း နယ်ချဲ့အစိုးရ၏ ကျွန်သက်ရှည်အောင် အကွက်ချ စီမံထားသော ကိုလိုနီ(ကျွန်)ပညာရေးစနစ်ကို ကန့်ကွက်တိုက်ပွဲဝင်ရာ၌ အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ တက်တက်ကြွကြွ ပါဝင်ခဲ့ကြသည်။

မြန်မာ့လွတ်လပ်ရေးတိုက်ပွဲကို ပိုမိုအားကောင်းစွာ ဆင်နွှဲနိုင်ရန်အတွက် ၁၉၃၉ ခုနှစ် နိုဝင်ဘာ ၁၆ ရက်နေ့တွင် မြန်မာကုမ္မာရီအသင်းကို ဖွဲ့စည်းခဲ့သည်။ ဆက်လက်၍ တစ်နိုင်ငံလုံးတွင် ကုမ္မာရီအသင်းများ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြသည်။

မြန်မာတစ်ပြည်လုံးမှ မြို့တိုင်းတွင် တို့ဗမာအစည်းအရုံးဝင် မြန်မာအမျိုးသမီးများက နယ်ချဲ့ကို ဆန့်ကျင်ခဲ့ကြသည်။ ၁၃၀၀ ပြည့်အရေးတော်ပုံကြီးတွင် မြန်မာအမျိုးသမီးများက နယ်ချဲ့ဆန့်ကျင်ရေး တပ်သားများအတွက် ဝတ်စုံချုပ်ပေးကြသည်။ စားသောက်ကျွေးမွေးရေး တာဝန်ယူခဲ့ကြသည်။

အမေ၊ အဒေါ်တို့ကလည်း အဖေ၊ ဦးလေးတို့နှင့်အတူ နယ်ချဲ့ဆန့်ကျင်ရေးအစဉ်အလာဖြင့် လွတ်လပ်ရေးနှင့် ပြည်ထောင်စုကြီးကို ကာကွယ်စောင့်ရှောက်လျက်ရှိကြသည်။ အစ်မ၊ ညီမ၊ တူမ၊ သမီး၊ မြေးမ၊ မြစ်မတို့သည် အဘွား၊ အမေ၊ အဒေါ်တို့၏ နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်၊ လွတ်လပ်ရေး စိတ်ဓာတ်တို့ကို ဆင့်ပွားဆက်ခံကြလျက် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကို တည်ဆောက်အရောက်လျက် ယင်းရွှေနိုင်ငံကြီး အစဉ်ထာဝရ တည်တံ့ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက် သွားကြမည်သာဖြစ်သည်။ ဤသည်မှာ မြန်မာအမျိုးသမီး မျိုးဆက်သစ်များအတွက် သမိုင်းပေးတာဝန်ဖြစ်သည်။ မြန်မာအမျိုးသမီးများအတွက် ခေတ်အဆက်ဆက်ပျိုးထောင်လာခဲ့သော အမွေခံကောင်း ပတ်ဝန်းကျင်လည်းဖြစ်သည်။

ဤအမွေခံကောင်း ပတ်ဝန်းကျင်ကို ဆက်ခံထိန်းသိမ်းပြီး တိုးချဲ့မြှင့်တင်နိုင်ရန်အတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ရည်ရွယ်ချက်(၇)ရပ်ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ယင်းရည်ရွယ်ချက်(၇)ရပ်တွင် ရည်ရွယ်ချက်(၆)ရပ်မှာ အမျိုးသမီးထု၏ ဘဝအခြေတင့်စေပြီး အခွင့်အရေး ပိုမိုပြည့်ဝစွာရရှိစေလျက် အမျိုးသမီးတို့ဘဝကို ပိုမိုမြင့်တက်လာစေရန်ဖြစ်သည်။

ရည်ရွယ်ချက်(၁)မှာ နိုင်ငံတော်တာဝန် တစ်နည်းအားဖြင့် အမျိုးသားနိုင်ငံရေးတာဝန် ဖြစ်ပေသည်။ ယင်းရည်ရွယ်ချက် (၁)မှာ **“အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်”**ဟူ၍ ဖြစ်သည်။ မွန်မြတ်သော ရည်ရွယ်ချက်လည်းဖြစ်ပြီး ရှေ့လုပ်ငန်းစဉ်လည်းဖြစ်ကာ နိုင်ငံ့တာဝန်လည်း ဖြစ်ပေသည်။

မြန်မာအမျိုးသမီးတို့သည် မိမိတို့ပိုင်နက်နယ်မြေကို တစ်လက်မမျှ အထိမခံ၊ အချုပ်အခြာအာဏာ ဆံခြည်တစ်မျှင်စာ၊ မြူတစ်မှုန်စာမျှ လျော့ပါးမခံနိုင်သော လွတ်လပ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ပြည့်လျှမ်းနေသူများဖြစ်သည်။ မြန်မာအမျိုးသမီးထုကြီး၏သမိုင်းသည်ပင် နယ်ချဲ့ဆန့်ကျင်ရေးသမိုင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၊ ကာကွယ်စောင့်ရှောက်မှုသမိုင်းပင်ဖြစ်လေသည်။ ထို့ကြောင့် နယ်ချဲ့ဆန့်ကျင်ရေး အစဉ်အလာကြီးမားပြီး လွတ်လပ်ရေးကိုမြတ်နိုးသော၊ ပြည်ထောင်စုကိုချစ်သော မြန်မာအမျိုးသမီးထုတစ်ရပ်လုံးအတွက် နှစ်စဉ် ဇူလိုင် ၃ ရက်နေ့သည် စစ်မှန်၊ တိကျသော နိုင်ငံနှင့်လူမျိုးအကျိုးနှင့် မြန်မာ့လူ့ဘောင်၏အကျိုးကို စွမ်းစွမ်းတမံ သယ်ပိုးရန် ထပ်မံအစိဋ္ဌာန်ပြုနေသော “မြန်မာအမျိုးသမီးများနေ့” ဖြစ်သည်။

ကိုလိုနီခေတ်မြန်မာစာပေတွင် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးအတွက် လှုံ့ဆော်သော တေးသီချင်း၊ ကဗျာ၊ ရုပ်ရှင်၊ ဝတ္ထု၊ ဆောင်းပါးများ အင်နှင့်အားနှင့် ရေးသားဆောင်ရွက်ခဲ့ကြရာ ဆရာမကြီး ဒဂုန်ဒေါ်ခင်ခင်လေး၊ ဂျာနယ်ကျော်မမလေး၊ ဒေါ်ခင်မျိုးချစ်၊ ဒဂုန်ခင်လေးဆွေ၊ အင်ဒီးပင်းဒင့် ဒေါ်စန်း(ကလောင်အမည် ဒေါ်ကွာစိ) စသည့် အမျိုးသမီးစာပေပညာရှင်တို့၏ စာများသည်တောက်ပြောင်ခဲ့သည်။

၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ဖက်ဆစ်တို့ကို တော်လှန်တိုက်ခိုက်ခဲ့ရာ၌ မျိုးချစ်မြန်မာအမျိုးသမီး အမြောက်အမြားပါဝင်ခဲ့ကြသည်။ အမျိုးသမီးအာဇာနည်များသည် မြန်မာ့လွတ်လပ်ရေးအတွက် အသက်ပေးလှူခဲ့ကြသည်။ ကျိုက္ခမီမှ သခင်မ ဒေါ်ထွေးသည် မော်လမြိုင်ခရိုင်အတွင်း ဖက်ဆစ်များကို တိုက်ခိုက်ရင်း ကျဆုံးခဲ့သည်။

ဒုတိယကမ္ဘာစစ်ပြီးဆုံးသည့်နောက် နယ်ချဲ့တို့ထံမှ မြန်မာ့လွတ်လပ်ရေးကို ပြန်လည်တိုက်ယူရာ၌ အမျိုးသမီးများ၏ အခန်းကဏ္ဍကြီးမားခဲ့သည်။ ၁၉၄၆-၄၇ လွတ်လပ်ရေး လှုပ်ရှားမှုကြီးတွင် မြန်မာအမျိုးသမီးများ၏ တက်ကြွမှု၊ ညီညွတ်မှု၊ ဇာတိမာန်တို့မှာ နိုင်ငံနှင့်လူမျိုးအတွက် ဂုဏ်ယူအားတက်ဖွယ်ဖြစ်သည်။

မြန်မာအမျိုးသမီးဟူ၍ ဆိုရာတွင် အဘွား၊ အမေ၊ အဒေါ်၊ အစ်မ၊ ညီမ၊ တူမ၊ သမီး၊ မြေးမ၊ မြစ်မတို့အားလုံးကို ဆိုလိုပေသည်။ အဘွားတို့သည် အဘိုးတို့နှင့်အတူ နယ်ချဲ့ကို ဆန့်ကျင်ပြီး လွတ်လပ်ရေးတိုက်ပွဲဆင်နွှဲခဲ့ကြသည်။

ဤဆောင်းပါးရှေ့ပိုင်းတွင် တင်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် ၂၇ သန်းကျော်သော မြန်မာတိုင်းရင်းသူအမျိုးသမီးထုကြီးကို ကိုယ်စားပြုပြီး ဖွဲ့စည်းထားခြင်းဖြစ်ရာ မြန်မာအမျိုးသမီးထုကြီး၏ ပင်မမဏ္ဍိုင်အဖွဲ့ကြီးဖြစ်သည်။ အဖွဲ့၏ ရည်ရွယ်ချက်အမှတ်(၁) သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရေးတာဝန်ကို ဖော်ညွှန်းထားလေရာ တိုင်းရင်းသားပြည်သူ ၅၄ သန်းကျော်၏ အကျိုးစီးပွားကို ဖော်ဆောင်လျက်ရှိသည့် ပြည်သူ့မဏ္ဍိုင်အဖွဲ့ကြီးဟုလည်း ဆိုရပေမည်။

မြန်မာအမျိုးသမီးတို့သည် မိမိတို့ပိုင်နက် နယ်မြေကို တစ်လက်မမျှ အထိမခံ၊ အချုပ်အခြာအာဏာ ဆံခြည်တစ်မျှင်စာ၊ မြူတစ်မှုန်စာမျှ လျော့ပါးမခံနိုင်သော လွတ်လပ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ပြည့်လျှမ်းနေသူများဖြစ်သည်။ မြန်မာအမျိုးသမီးထုကြီး၏ သမိုင်းသည်ပင် နယ်ချဲ့ဆန့်ကျင်ရေးသမိုင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၊ ကာကွယ်စောင့်ရှောက်မှုသမိုင်းပင် ဖြစ်လေသည်။ ထို့ကြောင့် နယ်ချဲ့ဆန့်ကျင်ရေး အစဉ်အလာကြီးမားပြီး လွတ်လပ်ရေးကို မြတ်နိုးသော၊ ပြည်ထောင်စုကိုချစ်သော မြန်မာအမျိုးသမီးထု တစ်ရပ်လုံးအတွက် နှစ်စဉ် ဇူလိုင် ၃ ရက်နေ့သည် စစ်မှန်၊ တိကျသော နိုင်ငံနှင့်လူမျိုးအကျိုးနှင့် မြန်မာ့လူ့ဘောင်၏အကျိုးကို စွမ်းစွမ်းတမံသယ်ပိုးရန် ထပ်မံအစိဋ္ဌာန်ပြုနေသော **“မြန်မာအမျိုးသမီးများနေ့”** ဖြစ်သည်ဟု ဆိုလိုက်ရပေသတည်း။ ။

အမျိုးသားရေးရှေးရှု အမျိုးသမီးထု

* မြန်မာဘုရင်၊ အုပ်စိုးစဉ်ချိန် ဂုဏ်သိန်မငယ်၊ တင့်တယ်လှပ ပုရိသနှင့်၊ အခွင့်မျှတူ ရယူခွင့်ရ၊ အဘွားတို့ဘဝ။
* သူ့ကျွန်ခေတ်မှာ၊ မွေးဖွားလာပြီး မြန်မာမျိုးသမီး၊ ရှိပြီးခွင့်ရေး မှေးမှေးမှိန်မှိန်၊ သိမ်သိမ်နုပ်နုပ် အရုပ်သဖွယ်၊ တင့်တယ်မှုကင်း ကြီးပြင်းလာရ၊ အမေတို့ဘဝ။
* ယနေ့ခေတ်မှာ၊ ကြီးပြင်းလာပြီး မြန်မာမျိုးသမီး၊ ရှိပြီးခွင့်ရေး ရောင်တင်ပေးလျက်၊ တိုးတက်ခေတ်မီ နိုင်ငံတည်ရာ၊ အရေးပါသည့် မြန်မာမျိုးသမီး၊ ဖွံ့အစည်းကို ဖွဲ့စည်းခွင့်ရ၊ ကျွန်မတို့ဘဝ။
* ကျွန်မတို့ခေတ်၊ ကျွန် မဖြစ်၍ အဘွားခေတ်က၊ ဣတ္ထိယတို့ ရကြခွင့်ရေး၊ တည်မြဲရေးနှင့် တိုင်းရေးပြည်မှု၊ အာရုံပြု၍ ရေးရှုအစဉ်၊ လုပ်ငန်းခွင်မှာ ပါဝင်နိုင်တာ၊ လုပ်နိုင်တာကို သေချာ ကျွန်မ သိပါ၏။
* ကျွန်ဖြစ်နေလျှင် မဝင်လူရာ၊ ဖြစ်ခဲ့တာလည်း မာတာခေတ်က၊ သက်သေပြ၍ ကျွန်မ သိခဲ့ပြီးပါပြီ။
* ကျွန်မတို့တွေ၊ လှုပ်ရှားနေမှု အစုစုသည်၊ ကျွန်ပြုနိုင်ရန် စီမံဖန်နေ၊ နယ်ချဲ့တွေအား တံတားသဖွယ်၊ အဝင်လွယ်ရေး လမ်းခင်းပေးခြင်း၊ အလျှင်းမရှိ ဣတ္ထိယရေး၊ အမျိုးသားရေးသာ အမှန်ဖြစ်ပါကြောင်း ကောင်းကောင်းတွေ့မည်ဖြစ်ပါ၏။ ။

[၂၀၀၅ ခုနှစ်၊ ဇူလိုင်လ(၃)ရက် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုလျက်...]

နွယ်ချို

သံအမတ် ခန့်အပ်လွှာ ပေးအပ်

ဇွန် ၂၁ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆိုင်ရာ ကျူးဘားသမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စစ်မာရီယာ လူဝစ္စစာဖာနန့်ဒေ့ဇ်က ရန်ကုန်မြို့ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

(သတင်း-ရှေ့ဖုံး)

(သတင်းစဉ်)

မြင်းခြံမြို့ ရွှေပြည်စိုး သာသနာ့ဗိမာန်တော်ဆောက်လုပ်ရေး ငွေကျပ်သိန်း ၂၀၀၀ကျော် လှူဒါန်းပြီး မြေသန့်မင်္ဂလာနှင့် ပန္နက်တင်မင်္ဂလာ အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၂၁

မြင်းခြံမြို့ အမှတ်(၂)ရပ်ကွက်နေ အလှူရှင် ဦးအေးလူ-ဒေါ်ယဉ်ယဉ်(ရွှေပြည်စိုးဆေးလိပ်) မိသားစုတို့က ငွေကျပ်သိန်း ၂၀၀၀ ကျော် အကုန်အကျခံဆောက်လုပ်မည့် ရွှေပြည်စိုး သာသနာ့ဗိမာန်တော်ဆောက်လုပ်ရေး မြေသန့်မင်္ဂလာအခမ်းအနားကို ဇွန် ၁၅ရက် ညနေ ၅နာရီတွင် မြင်းခြံမြို့ အမှတ်(၂)ရပ်ကွက် ရွှေဘုံသာဘုရား အရှေ့ဘက်ရှိ သာသနာ့ဗိမာန်တော် ဆောက်လုပ်မည့်မြေနေရာ၌ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကိတ္တိ အမှူးပြုသော ဆရာတော်များက ပရိတ်တရားတော်များ ချီးမြှင့်တော်မူပြီး မြေသန့်မင်္ဂလာအခမ်းအနားကျင်းပသည်။

အဆိုပါ သာသနာ့ ဗိမာန်တော် ဆောက်လုပ်မည့်မြေနေရာ၌ ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ဇွန် ၁၆ရက် နံနက်ပိုင်းတွင် ကျင်းပရာ မြင်းခြံခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့မိမြို့ဖများ၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့များမှ အမှုဆောင်များ၊ ခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများမှ အမှုဆောင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အလှူရှင်မိသားစုများက မင်္ဂလာအချိန်တွင် သတ်မှတ်နေရာအသီးသီး၌ ပန္နက်တော်များ စိုက်ထူကြသည်။ ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အလှူရှင်မိသားစုတို့က ပန္နက်တော်တင် မင်္ဂလာအခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရွှေမိုး ငွေမိုးများ ရွာသွန်းဖြိုးကြသည်။

လှူဒါန်း

အဆိုပါ ရွှေပြည်စိုး သာသနာ့ဗိမာန်တော်ကို ရွှေပြည်စိုးဆေးလိပ်လုပ်ငန်းပိုင်ရှင် ဦးအေးလူ-ဒေါ်ယဉ်ယဉ်မိသားစုတို့က တစ်ဦးတည်း ငွေကျပ်သိန်းပေါင်း ၂၀၀၀ကျော် အကုန်အကျခံတည်ဆောက်၍ မြို့နယ်၏ ဘာသာရေး၊ သာသနာရေးလုပ်ငန်းများ အသုံးပြုနိုင်ရန် လှူဒါန်းခြင်းဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဆရာဝန်အသင်း ဂေါက်ရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၁

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်ရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်ရိုက်ပြိုင်ပွဲအတွက် မုတ်သုံ(ဇွန်)လဂေါက်ရိုက်ပြိုင်ပွဲကို ဇွန် ၂၆ရက်(တနင်္ဂနွေနေ့)နံနက် ၅နာရီခွဲတွင် သန်လျင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၆-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ၊ ယနေ့အစီအစဉ်	၉း၀၅	မိုးလေဝသခန့်မှန်းချက်
၇း၀၅	တေးဂီတအစီအစဉ်	၉း၁၀	မြန်မာစာ၊မြန်မာစကား
၇း၁၀	ပိုးစာပင်စိုက်ပျိုးခြင်းနှင့် ပိုးမွေးမြူခြင်း	၉း၃၀	ပြည်တွင်းသတင်းအကျဉ်း
၇း၁၅	တေးဂီတအစီအစဉ်	၉း၃၅	ဝယ်ချင်စရာမျိုးစုံစွာ
၇း၂၀	ပြည်တွင်းသတင်းအကျဉ်း	၉း၄၀	တေးဂီတအစီအစဉ်
၇း၂၅	Learning English (European Food Equipment)	၉း၄၅	ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
၇း၃၅	တေးဂီတအစီအစဉ်	၉း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၇း၄၀	ရန်ကုန်ထရန်စဖော်မာ	၁၀း၀၀	တေးဂီတအစီအစဉ်
၇း၅၅	နိုင်ငံတကာသတင်းအကျဉ်း	၁၀း၁၀	မြန်မာ့ကျွန်း
၈း၀၀	မြန်မာ့တပ်မတော်နှင့် အိန္ဒိယတပ်မတော်ချစ်ကြည်ရေး ဘော်လီဘောပြိုင်ပွဲ	၁၀း၂၀	ကျော်ဟိန်းရဲ့သီချင်းပြဇာတ်
၉း၀၀	တေးဂီတအစီအစဉ်	၁၀း၅၀	တေးဂီတအစီအစဉ်
		၁၀း၅၅	ကြက်လည်လိမ်ကာကွယ်ဆေးထုတ်လုပ်ပေး
		၁၁း၀၀	MRTV-4 အပိတ် Logo

(အထက်ပါ(၄)နာရီစာအစီအစဉ်များကို ည၂၃း၀၀ နာရီအထိ(၄)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်သည်။)

တစ်ချက်တည်းဖြင့် ကျင်းဝင်

ရန်ကုန် ဇွန် ၂၁

ဦးမောင်မောင်တိုး(ရာဇာသောက်ရေသန့်)သည် သန်လျင်ဂေါက်ကလပ်၌ ဇွန် ၁၈ရက်က ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၂)သို့ ၁၅၄ ကိုက်အကွာမှ Tour Special D.D.H No.3 ဘောလုံးကို Ping Eye Two No.8 တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ထိုအချိန်တွင် ကစားဖော်များဖြစ်ကြသော ဦးခင်မောင်ဝင်း၊ ဦးဇော်ထူး (မြို့နယ်တရားသူကြီး)၊ ဦးသောင်းဟန်၊ ဦးရဲကျော်ညွန့်တို့နှင့်အတူ ကစားခဲ့ကြောင်းသိရသည်။ (က-ပ)

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းအတွက် ဇွန် ၁၆ရက်က ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း သာသနာ့ရိပ်သာရပ်ကွက် အမှတ်(၄၂)နေ ဦးဇော်လွင်ဦး၊ ဒေါ်ခင်မျိုးခိုင်၊ သမီး ပိုပိုမျိုးဇော်၊ စန္ဒီမျိုးဇော်၊ မေမြတ်ခိုင်၊ ရတနာသီရိခိုင်မိသားစုက ငွေကျပ်၁၅သိန်းပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းလက်ခံယူစဉ်။ (၂၅၇)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအတွက် လှူဒါန်းသည့် အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရှိန်အောင် ဗိုလ်တို့ လက်ခံကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင်ကြိုင် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ကံ့ကော်ပင်များ စိုက်ပျိုးပေး

❀ **ကျောဖုံးမှ**

ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ အမျိုးသမီးရေးရာ ကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယ ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကံ့ကော်ပင်စိုက်ပျိုး

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင်ကြိုင်က မင်းခမ္မကုန်းတော် ပရိဝုဏ်အတွင်း သတ်မှတ်နေရာ၌ ကံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်မြမြစန်းက ပိတောက်ပင်ကို လည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့က ခရေပင်ကိုလည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက အဖွဲ့ဝင် ဒေါ်ခင်လေးသက်က ခရေပင်ကိုလည်းကောင်း သတ်မှတ်နေရာ အသီးသီး၌ စိုက်ပျိုးပေးကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်မြမြစန်း သန်လျင်တံတားအနီးရှိ တိုင်းရင်းသားကျေးရွာ မှခ်ဦးအဝင်၌ ၂၀၀၅ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ဂုဏ်ထူးဆောင်နာယက ဒေါ်[...] စိုက်ပျိုးရေးပြတိုက်၊ သစ်ခွခြံနှ[...]

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကအဖွဲ့ဝင်များ ဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ ဇနီးများ က ကံ့ကော်ပင်၊ ခရေပင်၊ ပိတောက်ပင်များကို သတ်မှတ်နေရာအသီးသီး၌ စိုက်ပျိုးပေးကြပြီး သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖူးမြော်ကြည်ညို

သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားအပြီး တွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင်ကြိုင်နှင့် ဒေါ်မြမြစန်းတို့ သည် မင်းခမ္မကုန်းတော်၌ တည်ထား ကိုးကွယ်သည့် လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး၊ အမွှေးနံ့သာတို့ဖြင့် ဆက်ကပ် [...] လှူဒါန်းပြီး ဖူးမြော်ကြည်ညိုကြသည်။ ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင် နာယက ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင် များသည် မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ်က လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအတွက် လှူဒါန်းသည့်အလှူ ငွေကျပ် တစ်သိန်းကို ပေးအပ်လှူဒါန်း [...]

ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့ ရန်ကုန်တိုင်း သန်လျင်တံတားအနီးရှိ တိုင်းရင်း သားကျေးရွာ မှခ်ဦးအဝင်၌ ၂၀၀၅ ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက် မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင် ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး မြန်မာ နိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက် ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကအဖွဲ့ဝင်များဖြစ်ကြသည့်နိုင်ငံ တော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဝင်များ၏ ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကအဖွဲ့ဝင် ဒေါ်ခင်လေး သက် သန်လျင်တံတားအနီးရှိ တိုင်းရင်းသားကျေးရွာ မှခ်ဦးအဝင်၌ ၂၀၀၅ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက် မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်း သန်းနွဲ့ ရန်ကုန်တိုင်း အင်းစိန်မြို့နယ်ရှိ မင်းခမ္မကုန်းတော် ပရိဝုဏ်အတွင်း၌ ၂၀၀၅ခုနှစ် ဇူလိုင် ၃ရက်တွင်ကျရောက် မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအား ဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူး ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲတွင် အထိမ်းအမှတ်အဖြစ် သစ်ပင်စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

စိုက်ပျိုး

နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး မြန်မာ နိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင် ကြိုင် သန်လျင်တံတားအနီးရှိ တိုင်းရင်းသားကျေးရွာ မုခ်ဦးအဝင်၌ ၂၀၀၅ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီး များနေ့ အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။
(သတင်းစဉ်)

ကြီးမောင်အေး၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူး ဆောင်နာယက ဒေါ်မြမြစန်း၊ ဒုတိယ ဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင် သန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ် ကြီးသူရရွှေမန်း၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက အဖွဲ့ဝင် ဒေါ်ခင်လေးသက်၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့် ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင် ဝင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် နာယကအဖွဲ့ဝင်များ ဖြစ်ကြ သည့် နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၏ ဇနီး ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးနှင့် အစိုးရ အဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၏ ဇနီးများ ဖြစ်ကြသည့် မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ် ဌာနကြီးမှူးများနှင့် လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များက သတ်မှတ်နေရာအသီးသီး၌ ကံ့ကော် ပင်များကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များအား တိုင်းရင်းသားကျေးရွာ ရှိ ရှင်းလင်းဆောင်၌ နယ်စပ်ဒေသ နှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေး မှူးချုပ် ဦးသန်းဆွေက တိုင်းရင်းသား ကျေးရွာ ဖြစ်ပေါ်လာပုံသမိုင်း၊ တိုင်း ရင်းသားကျေးရွာအတွင်း တိုင်းရင်း သားနေအိမ်များ၊ ပြည်နယ် အထိမ်း အမှတ်အဆောက်အအုံ၊ စေတီ၊ ပုထိုးနှင့် တောတောင်ရေကန်များ

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❐

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ မြေပဒေသာကျွန်းရှိ သစ်ခွစိုက်ပျိုးရေးခြံတွင် ကြည့်ရှုလေ့လာကြစဉ်။
(သတင်းစဉ်)

...ဆောင်နာယက ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ ...ရေးပြတိုက်၊ သစ်ခွခြံနှင့် ရေချိုငါးဥယျာဉ်လေ့လာ

ဒေါ်ကြိုင်ကြိုင်နှင့် ဒေါ်မြမြစန်းတို့ သည် မင်းဓမ္မကုန်းတော်၌ တည်ထား ကိုးကွယ်သည့် လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး၊ အမွှေးနံ့သာတို့ဖြင့် ဆက်ကပ်

လှူဒါန်းပြီး ဖူးမြော်ကြည်ညိုကြသည်။ ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင် နာယက ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင် များသည် မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ်က လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအတွက် လှူဒါန်းသည့်အလှူ ငွေကျပ် တစ်သိန်းကို ပေးအပ်လှူဒါန်း

ရာ သာသနာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရိုန်အောင်ဗိုလ် တို့က လက်ခံရယူကြသည်။

ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ သည် နံနက် ၉နာရီခွဲတွင် သာကေတ မြို့နယ် ရန်ကုန်-သန်လျင် တံတား အနီးရှိ နယ်စပ်ဒေသနှင့် တိုင်းရင်း သားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၏ တိုင်းရင်းသားကျေးရွာသို့ ရောက်ရှိ ကြရာ နယ်စပ်ဒေသနှင့် တိုင်းရင်း သားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဇနီး ဒေါ်ကျင်ခိုင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် တိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

စိုက်ပျိုး

ယင်းနောက် တိုင်းရင်းသား ကျေးရွာ မုခ်ဦးအဝင်၌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ် ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင်ကြိုင်က ၂၀၀၅ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာ အမျိုးသမီးများနေ့ အထိမ်းအမှတ် အဖြစ် ကံ့ကော်ပင်ကို စိုက်ပျိုးပေး သည်။

အလားတူ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး မြန်မာနိုင်ငံ အမျိုး သမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့နှင့် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ဇနီး မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းတို့ သန်လျင်တံတားအနီးရှိ တိုင်းရင်းသားကျေးရွာ မုခ်ဦး အဝင်၌ ၂၀၀၅ခုနှစ် ဇူလိုင် ၃ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများ နေ့ အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်ကို စိုက်ပျိုးပေးကြစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၂-၆-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇း၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
- ၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၆။ ကဗျာပန်းဥယျာဉ်
- ၈း၀၅ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈း၂၀ ၈။ အတီးပြိုင်ပွဲ
- ၈း၃၀ ၉။ International News.
- ၈း၄၅ ၁၀။ Let' s Go
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ Practice in Reading.
- ၄း၄၅ ၄။ တေးဂီတအစီအစဉ်
- ၅း၀၀ ၅။ **အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ရက္ခဗေဒ၊ သတ္တဗေဒ အထူးပြုများ) (ရက္ခဗေဒ)**
- ၅း၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၅း၃၀ ၇။ မြန်မာစာ၊ မြန်မာစကား
- ၅း၄၅ ၈။ သီချင်းကြီးပဒေသာ
- ၆း၁၀ ၉။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၆း၁၀ ၁၀။ Discovery.
- ၆း၁၅ ၁၁။ မူဟန်သွယ်သွယ် ဆိုကြမယ်
- ၆း၃၀ ၁၂။ ညနေခင်းသတင်း
- ၇း၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇း၀၅ ၁၄။ တေးဂီတအစီအစဉ်
- ၇း၂၀ ၁၅။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
- ၇း၃၀ ၁၆။ **(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များ ကိုတင်ပြင်ဆင်မှုများ (ဘီလီယက်နှင့်စနူကာ)**
- ၈း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ (ရုပ်သေး) (မဟော်သဓာဇာတ်တော်ကြီး) (မန္တလေးတိုင်း)
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

❐ စာမျက်နှာ ၉မှ

တည်ဆောက်ထားရှိမှု အခြေအနေ၊ ဧည့်သည်များ လာရောက် လေ့လာကြည့်ရှုမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် တိုင်းရင်းသားကျေးရွာအတွင်းရှိ တိုင်းရင်းသားများ၏ နေအိမ်များ၊ ပြည်နယ်နှင့်တိုင်း တိုင်းရင်းသားလူမျိုးများ၏ အထိမ်းအမှတ် နေအိမ်အဆောက်အအုံ၊ စေတီ၊ ပုထိုး၊ တောတောင် ရေကန်တို့ကို ရှုခင်းကြည့်မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုကြရာ သက်ဆိုင်ရာ တိုင်းရင်းသူ တိုင်းရင်းသားများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ကန်တော်ကြီးသဘာဝဥယျာဉ်ရှိ စိုက်ပျိုးရေးပြတိုက်သို့ရောက်ရှိကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၏ ဇနီး ဒေါ်နီနီဝင်းနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် စိုက်ပျိုးရေးပြတိုက်ခန်းမ၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန ဌာနမှူး ဦးညွန့်ဖေက ကန်တော်ကြီးသဘာဝဥယျာဉ် အဆင့်မြင့် ဘက်စုံပြုပြင်ရေး စီမံကိန်း ဆောင်ရွက်နေမှု အခြေအနေ၊ ဇုန်လေးဇုန် ခွဲခြားဆောင်ရွက်နေမှု အခြေအနေ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက တာဝန်ယူဆောင်ရွက်နေသော Relaxation Zone အတွင်း၌ အဆောက်အအုံများ၊ ဥယျာဉ် ပန်းမန်များ စီစဉ်ဆောင်ရွက်နေမှု အခြေအနေနှင့် ဖွင့်လှစ်ပြီးဖြစ်သော Education Zone နှင့် Recreation Zone များ အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စိုက်ပျိုးရေး ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ ပြတိုက်မှူး ဦးစိုးမြင့်က လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ကန်တော်ကြီး သဘာဝဥယျာဉ် မြေပဒေသာကျွန်းရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းအရောင်းဆိုင်နှင့် စိုက်ပျိုးရေးသုံးပွဲပိုးပစ္စည်း အရောင်းဆိုင်တို့ကို လှည့်လည်ကြည့်ရှုရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် မြေပဒေသာကျွန်းရှိ သစ်ခွစိုက်ပျိုးရေးခြံနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ ရေချိုငါးဥယျာဉ်တို့ကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး မွန်းလွဲပိုင်းတွင် ပြန်လည်ထွက်ခွာသွားကြသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့် ရန်ကုန်တိုင်း လှိုင်မြို့နယ် လှိုင်တက္ကသိုလ်ဝင်းအတွင်းရှိ ဂန္ဓမာဆောင်ရှေ့၌ ၂၀၀၅ ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲတွင် အထိမ်းအမှတ် သစ်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း ရန်ကုန်တိုင်း အင်းစိန်မြို့နယ်ရှိ မင်းဓမ္မကုန်းတော်ပရိဝုဏ်အတွင်း၌ ၂၀၀၅ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲတွင် အထိမ်းအမှတ်အဖြစ် သစ်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

လှိုင်တက္ကသိုလ်ဝင်း

အလားတူ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၅ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ရန်ကုန်တိုင်း လှိုင်မြို့နယ် လှိုင်တက္ကသိုလ်ဝင်းအတွင်းရှိ ဂန္ဓမာဆောင်ရှေ့ သတ်မှတ်နေရာများ၌ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင်မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌဒေါ်သန်းသန်းနွဲ့၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်၊ ဌာနကြီးမှူးများ၊ အထွေထွေ အတွင်းရေးမှူး၊ တွဲဖက်အထွေထွေ အတွင်းရေးမှူး၊ အတွင်းရေးမှူးအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေး၊ တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း အင်အား ၅၀၀ခန့်က ကံ့ကော်၊ ခရေ၊ ငုရွှေဝါ၊ သရက်၊ ပိန္နဲ၊ လုမ္ဗိနီ၊ အင်ကြင်း၊ တမာ၊ ပိတောက်၊ တည်၊ မဟော်ဂနီ၊ ရေတမာ၊ စိန်ပန်းစသည့် သစ်ပင် ၅၀၀ ခန့်ကို တပျော်တပါးစိုက်ပျိုးကြသည်။

သစ်ပင်စိုက်ပျိုးနေစဉ် ကျောင်းသူလေးများက ဘင်ခရာအဖွဲ့နှင့် တွဲဖက်၍ ပန်းဖွားအကဖြင့် လည်းကောင်း၊ ဦးရွှေရိုးအကနှင့် အိုးစည်ဒိုးပတ် အတီးအမှုတ်များဖြင့်လည်းကောင်း ဖျော်ဖြေကြပြီး သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဌာနကြီးမှူးများက ရန်ကုန်တိုင်း လှိုင်မြို့နယ် လှိုင်တက္ကသိုလ်ဝင်းအတွင်းရှိ ဂန္ဓမာဆောင်ရှေ့၌ ၂၀၀၅ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲတွင် အထိမ်းအမှတ်သစ်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

အချိုမှုန့်

Monosodium Glutamate (MSG)

စားသုံးခြင်းအန္တရာယ် သတိပေးနှိုးဆော်ချက်

၁။ ယခင်က သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်၊အသား၊ငါးတို့ကို သဘာဝအတိုင်း ချက်ပြုတ်စားသောက်ကြပါသည်။ ယခုအခါတွင် သဘာဝမဟုတ်သည့် အချိုမှုန့်ကို အစားအသောက်များ ပြင်ဆင်ချက်ပြုတ်ရာတွင် သုံးစွဲလာကြပါသည်။

၂။ အချိုမှုန့်တွင် လူတို့၏ ကျန်းမာရေးကို ထိခိုက်စေသောဓာတ်များ ပါရှိသည်ကို စစ်ဆေးတွေ့ရှိရပါသည်။ အချိုမှုန့်ကို စားသုံးခြင်းကြောင့် အောက်ပါရောဂါများ ဖြစ်ပွားစေပါသည်-

* **ပန်းနာရင်ကျပ်ရောဂါ**
* **အရေပြားယားယံခြင်း၊ အပိမ့်ထွက်ခြင်း**
* **နှလုံးရောဂါနှင့်တူသော ရင်ဘတ်အောင့်ရောဂါ**
* **သွေးတိုးရောဂါ**
* **နှလုံးရောဂါ**
* **နှလုံးခုန်စေခြင်း**
* **စိတ်ကယောင်ချောက်ချားဖြစ်ခြင်း**
* **ကျောက်ကပ်အားနည်းသူ၊ ကျောက်ကပ်ရောဂါရှိသူများတွင် ကိုယ်ဖောရောင်ခြင်း**

၃။ သို့ပါ၍ ဟင်းသီးဟင်းရွက်၊ အသား၊ ငါး စသည်တို့ကို သဘာဝအတိုင်း ချက်ပြုတ် ပြင်ဆင်စားသောက်ကြပါရန်နှင့် အချိုမှုန့်ကိုထည့်သွင်းစားသောက်ခြင်း မပြုကြပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

ရန်ကုန် ဇွန် ၂၁

ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အများအားဖြင့် အားအသင့်အတင့်ရှိနေသည်။

ဇွန်လ ၂၂ ရက်နေ့ညနေအထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်း၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀)ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအား အသင့်အတင့်ရှိမည်။

ဝန်ကြီးများရုံး ငွေစုငွေချေးသမဝါယမအသင်းလီမိတက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

ရန်ကုန် ဇွန် ၂၁

ဝန်ကြီးများရုံး ငွေစုငွေချေးသမဝါယမအသင်း လီမိတက်၏ (၁၂)ကြိမ်မြောက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် ပြန်လည်ဖွဲ့စည်းရေး အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် အသင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ဥက္ကဋ္ဌ ဦးကြည်သန်း ပြန်ကြားရေးဝန်ကြီးဌာန၊ အတွင်းရေးမှူး ဦးတင်မြင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် အဖွဲ့ဝင်ခုနစ်ဦး ပါဝင်သော ဒါရိုက်တာအဖွဲ့ကို ပြန်လည်ရွေးချယ်တင်မြှောက်ကြပြီး သဘာပတိ ဦးဝင်းကြည်၏ရှေ့မှောက်၌ ဒါရိုက်တာအဖွဲ့ဝင်များက ကတိသစ္စာခံယူကြကာ **(အောက်ပုံ)** အသင်းဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားသည်။ (သတင်းစဉ်)

ရန်ကုန်မြို့တော် မိုင် ၃၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အထောက်အကူပြုမည့် နိုင်ငံတော်၏ ၁၇၅ ခုမြောက် ဆည်မြောင်းစီမံကိန်း မိုးယွန်းကြီးရေထိန်းတံခါးဖွင့်ပွဲကျင်းပ

မိုးတွင်းကာလ ပိုလျှံရေ ထုတ်ပေးပြီး မိုးနှောင်းကာလ နွေစပါးစိုက်ပျိုးရေ ပေးဝေမည်

ရန်ကုန် ဇွန် ၂၁

ပဲခူးတိုင်း ဝေါမြို့နယ် ကွဲတဲစုကျေးရွာအနီးရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)က တာဝန်ယူတည်ဆောက်ပြီးစီးသွားသည့် မိုးယွန်းကြီး ရေထိန်းတံခါးဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇နာရီ ၄၅မိနစ်တွင် အဆိုပါရေထိန်းတံခါးအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့ တက်ရောက်အမှာစကားပြောကြား ဖွင့်လှစ်ပေးကြသည်။

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့ ပဲခူးတိုင်း ဝေါမြို့နယ် ကွဲတဲစုကျေးရွာအနီး တည်ဆောက်ပြီးစီးသွားသည့် မိုးယွန်းကြီး ရေထိန်းတံခါးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (လယ်ယာ/ဆည်မြောင်း)

ဖွင့်ပွဲအခမ်းအနားသို့ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်း၊ ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မင်းနှင့် ဌာနဆိုင်ရာများ၊ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆) ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဝေါမြို့နယ်၊ သနပ်ပင်မြို့နယ်၊ ကဝမြို့နယ်များမှ ဒေသခံပြည်သူများ၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့နှင့် မင်္ဂလာစည်တော်အဖွဲ့ စုစုပေါင်း အင်အား ၃၀၀၀ကျော် တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အမှာစကားပြောကြားရာ၌ မိုးယွန်းကြီး ရေထိန်းတံခါးကို တည်ဆောက်ဖွင့်လှစ်နိုင်ပြီ ဖြစ်သည့်အတွက် မိုးယွန်းကြီးကန်အတွင်း သိုလှောင်ထားရှိသည့် ရေကို ဒေသတွင်းစိုက်ပျိုးရေး၌ အသုံးပြုနိုင်မှာ ဖြစ်ကြောင်း။

ယခုဖွင့်လှစ်သည့် ရေထိန်းတံခါးသည် ပဲခူးတိုင်းအနေဖြင့် ၄၁ခုမြောက် ပြီးစီးသည့် ဆည်မြောင်းစီမံကိန်း ဖြစ်ကြောင်း။

ပဲခူးတိုင်းအတွင်း မြေလွတ်၊ မြေရိုင်း၊ ပလပ်မြေနှင့် ရေနက်ကွင်းလယ်ယာမြေဖော်ထုတ်ရေး စီမံကိန်း၌ပါဝင်သည့် ပဲခူးခရိုင် ပဂိုင်တာတောင်ပိုင်း လယ်ယာမြေ ဖော်ထုတ်ရေးလုပ်ငန်းများအတွက် တည်ဆောက်ရမည့်

ရေတံခါးများအနက် ယနေ့ဖွင့်လှစ်သည့် မိုးယွန်းကြီး ရေထိန်းတံခါးသည် ပဌမမြောက် တည်ဆောက်ဖွင့်လှစ်နိုင်သော ရေထိန်းတံခါးတစ်ခုလည်း ဖြစ်ကြောင်း၊ ပဲခူးတိုင်းအတွင်း ရှမ်းကိုင်း၊ ပိုင်ကျုံ၊ တာဝနှင့် ရွှေလှေ ရေထိန်းတံခါးကြီးများ တည်ဆောက်ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း။

ထိန်းညှိထုတ်လွှတ်ပေးရန်

ပဂိုင်တာနှင့် ဆက်စပ်တည်ရှိနေသော မိုးယွန်းကြီးကန်မှ မိုးတွင်းကာလ ပိုလျှံရေများထုတ်နုတ်ပေးရန်၊ မိုးနှောင်းကာလ ဒေသအတွင်း နွေစပါးစိုက်ပျိုးရေပေးဝေနိုင်ရန်နှင့် ရန်ကုန်မြို့တော် မိုင် ၃၀ ဝန်းကျင်(အရှေ့ခြမ်း) စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေးအတွက် ထိန်းညှိထုတ်လွှတ်ပေးရန် မိုးယွန်းကြီး ရေထိန်းတံခါးကို တည်ဆောက်ရခြင်းဖြစ်ကြောင်း။

ထို့အပြင် ရေထိန်းညှိနိုင်း၍ မိုးယွန်းကြီးကန်၏ သဘာဝကို ထိန်းနိုင်ပြီး ငှက်များ၏ ပျော်စံရာ ဒေသတစ်ခုကို ဖြစ်ပေါ်စေကြောင်း၊ ငှက်မျိုးပြုန်းတီးမှုကို ကာကွယ်စေကြောင်း။

ပဲခူးတိုင်းအနေဖြင့် ပဲခူးတိုင်းအတွင်းရှိ ရေသယံဇာတ၊ မြေသယံဇာတများကို အပြည့်အဝအသုံးချပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်၊ တောင်သူများ ဝင်ငွေတိုးပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တက်ညီလက်ညီ ဆောင်ရွက်လျက်ရှိကြောင်း။

ရေနက်ကွင်း လယ်ယာမြေများမှ ရေတော်မိုးတော် စိုက်ပျိုးနိုင်မည့် လယ်ယာမြေအသစ်များ ပေါ်ထွက်လာပြီး နွေစပါးစိုက်ပျိုးရေးအတွက် စိုက်ပျိုးရေ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် မိုးယွန်းကြီး ရေထိန်းတံခါးကို တည်ဆောက်ပေးခြင်းသည် သက်ဆိုင်ရာဒေသများကို များစွာအကျိုးပြုသဖြင့် ဒေသခံပြည်သူများနှင့် တောင်သူများ ကိုယ်စား တည်ဆောက် အကောင်အထည်ဖော်ပေးသည့် နိုင်ငံတော်အကြီးအကဲနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ကို အထူးကျေးဇူးတင်ရှိပါကြောင်း။

ထိန်းသိမ်းစောင့်ရှောက်

နိုင်ငံတော်က ငွေကြေးမြောက်မြားစွာ ရင်းနှီးမြှုပ်နှံတည်ဆောက်ပေးသည့် ရေလှောင်တမံများ၊ ရေထိန်းတံခါးများကို သားစဉ်မြေးဆက် ရေရှည်အကျိုးခံစားနိုင်အောင် မိမိတို့၏ ကိုယ်ပိုင်ဥစ္စာသဖွယ် ထိန်းသိမ်းစောင့်ရှောက်ကြရန်လည်း လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာတွင် ပဲခူးတိုင်းအတွင်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုတိုးတက်မြင့်မားရအောင် မိုးယွန်းကြီး ရေထိန်းတံခါးကို အောင်မြင်စွာ တည်ဆောက်ဖွင့်လှစ်ပေးနိုင်ပြီဖြစ်ကြောင်း၊ ဒေသခံတောင်သူလယ်သမားကြီးများနှင့် မိသားစုများ၏ လူမှုစီးပွားရေးဘဝ ပိုမိုမြင့်မားတိုးတက်လာစေမည့် စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်ရအောင် ဤရေထိန်းတံခါးကြီးက အထောက်အကူပြုနိုင်မှာဖြစ်ကြောင်း။

၁၇၅ ခုမြောက်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးဘဝ ခိုင်မာတောင့်တင်းလာရအောင် အခြေခံဖြစ်သော လယ်ယာကဏ္ဍ တိုးတက်မြင့်မားစေရေး စီမံဆောင်ရွက်ပေးမှုများအနက် မိုးယွန်းကြီး ရေထိန်းတံခါးသည် ၁၇၅ခုမြောက်ဆည်မြောင်းစီမံကိန်းအဖြစ် သမိုင်းမှတ်တမ်းတင်နိုင်ခဲ့ပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးဘဝ မြင့်မားတိုးတက်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းသည် အခြေခံအကျဆုံး၊ အဓိကအကျဆုံးလုပ်ငန်းဖြစ်ကြောင်း၊ နိုင်ငံသားအများစုဖြစ်သည့် ကျေးလက်နေပြည်သူများ၏ အဓိကအားထားရသော စီးပွားရေးလုပ်ငန်းကြီးလည်းဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် မိမိတို့အလေးထားဆောင်ရွက်လျက်ရှိကြောင်း။

စိုက်ပျိုးထုတ်လုပ်မှု မြင့်မားတိုးတက်အောင် ဆောင်ရွက်ရာတွင် စိုက်ပျိုးရေရရှိရေးသည် အရေးပါသည့် အချက်တစ်ချက်ဖြစ်ကြောင်း၊ ထို့ကြောင့် လယ်ယာကဏ္ဍ သီးနှံစိုက်ပျိုးထုတ်လုပ်ရေးတွင် အဓိကကျသည့် ရေရရှိရေးအတွက် မြန်မာနိုင်ငံ အထက်ပိုင်း၊ အလယ်ပိုင်းနှင့် မိုးနည်းရေရှားဒေသများ၌ အကြီးစား၊ အလတ်စားနှင့် အငယ်စား ဆည်မြောင်းစီမံကိန်းများ၊ မြစ်ရေတင်စီမံကိန်းကြီးများကို ဒေသအနှံ့ ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအောက်ပိုင်း ဒေသများ၌လည်း မိုးတွင်းရေကြီးနစ်မြုပ်၍ စိုက်ပျိုးခြင်းမပြုနိုင်ခဲ့သည့် လယ်မြေများ၊ ဆားငန်ရေ ဝင်ရောက်၍ စိုက်ပျိုးဖြစ်ထွန်းမှု အားနည်းသည့် လယ်မြေများနှင့် သဘာဝအခြေအနေ

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❐

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကျောက်တံခါးရေလှောင်တမံ ရေဝင်ရောက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကြက်မောက်တောင်ရေလှောင်တမံနှင့် မိတ္ထီလာကန်တို့ကို ရေကူပေးမည့်ရေလှောင်တမံများစစ်ဆေး

ရန်ကုန် ဇွန် ၂၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၉ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မန္တလေးတိုင်း ပုဂံ-ညောင်ဦးလေဆိပ်သို့ရောက်ရှိရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ကျောက်ပန်းတောင်းတပ်နယ်မှူး ဗိုလ်မှူးချုပ်သန်းထွန်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ကျောက်ပန်းတောင်း-မိတ္ထီလာ လမ်း မကျီးတိုင်း ကျေးရွာအနီးရှိ ကျောက်ပန်းတောင်းမြို့နယ် မကျီးတိုင်း ကျေးရွာအုပ်စု ၂၀၀၄-၂၀၀၅ခုနှစ် နွေစပါး မျိုးသန့်စံပြကျေးရွာ ဧက ၅၀ စိုက်ခင်းသို့ရောက်ရှိသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် သည် မျိုးကောင်းမျိုးသန့်နှင့် သွင်းအားစုများပံ့ပိုးမှု၊ တောင်သူကြီးများ၏ လုပ်အား စိုက်ထုတ်မှုများနှင့် ကြက်မောက်တောင် ဆည်ရေဖြင့် စိုက်ပျိုးဖြစ်ထွန်း အောင်မြင်လျက်ရှိသည့် ရွှေမြန်မာဧက ၆၀နှင့် ရေဆင်းနှစ်စပ်မျိုး ငါးဧက စိုက်ခင်းကိုကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများအား စပါးတိုးမြှင့်စိုက်ပျိုးရေးအတွက် မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြင်းခြံခရိုင် ကျောက်ပန်းတောင်း မြို့နယ်ရှိ ကြက်မောက်တောင် ရေလှောင်တမံ ရှင်းလင်းဆောင်သို့ မွန်းလွဲ ၁နာရီတွင်ရောက်ရှိရာ မန္တလေးတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးသိန်းက ကြက်မောက်တောင် ဆည်အတွင်းသို့ ရေဝင်ရောက်မှု၊ ဆည်ရေပေးဝေမှုများကိုလည်းကောင်း၊ မန္တလေးတိုင်း တိုင်းစိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးအောင်ကြင်က ကြက်မောက်တောင်ဆည်ရေဖြင့် သီးနှံနှင့် မိုးစပါး၊ နွေစပါး စိုက်ပျိုးမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြသည်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မန္တလေးတိုင်းနှင့်မကွေးတိုင်းတို့တွင် စပါးတိုးချဲ့စိုက်ပျိုးရန်လိုကြောင်း၊ ထို့အတူ ဝါစိုက်ပျိုးမှု တိုးမြှင့်စိုက်ပျိုးရန် လိုအပ်ကြောင်း၊ တောင်သူများအား သွင်းအားစုများ ပံ့ပိုးကူညီပြီး အထွက်နှုန်း ကောင်းအောင် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ အထွက်နှုန်းကောင်းသော ဝါမျိုးများကို မျိုးထားပြီး တောင်သူများအတွင်း ပြန့်ပွားအောင် ဆောင်ရွက်ရန်လိုကြောင်းဖြင့် မှာကြားသည်။

၂၀၀၄-၂၀၀၅ခုနှစ်တွင်ကြက်မောက်တောင်ဆည်ရေဖြင့် နွေစပါး ၁၀၀၇ ဧက၊ မိုးစပါး ၅၆၁၆ဧက စိုက်ပျိုးခဲ့ကြောင်းသိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ကြက်မောက်တောင်ဆည် လက်ဝဲမြောင်းမကြီးမှ ပို့လွှတ်သော ဆည်ရေဖြင့် စိုက်ပျိုးထားသော နွေစပါး စိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျောက်ပန်းတောင်းမြို့နယ် ကယ်ပင်တဲကျေးရွာ အနီးရှိ တောင်ရေ ရေလှောင်တမံ စီမံကိန်းသို့ရောက်ရှိကြပြီး တောင်ရေ ရေလှောင်တမံမှ ကြက်မောက်တောင် ရေလှောင်တမံသို့ ဆက်သွယ်ဖောက်လုပ်ထားသည့် တူးမြောင်းရေလွှဲဥမင်နှင့် ရေထွက်ပေါက်ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တောင်ရေ ရေလှောင် တမံ စီမံကိန်းရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အား ဆည်မြောင်း ဦးစီးဌာန တည်ဆောက်ရေး(၇)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထွန်းက တောင်ရေ ရေလှောင်တမံနှင့် ကျောက်တံခါး ရေလှောင်တမံ ဆက်သွယ်မည့် ဆက်သွယ်ရေးတူးမြောင်း ဖောက်လုပ်ပြီးစီးမှု၊ ရေထိန်းကန်ငယ် တည်ဆောက်ပြီးစီးမှု၊ တူးမြောင်း အဆောက်အအုံ တည်ဆောက်ပြီးစီးမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဆည်မြောင်းဦးစီးဌာန (ရုံးချုပ်) ညွှန်ကြားရေးမှူး(ဒီဇိုင်း) ဦးခင်မောင်ချစ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြသည်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

တောင်ရေ ရေလှောင်တမံမှာ ကြက်မောက်တောင်ဆည်သို့ ရေကူပေးရန် တည်ဆောက်ထားခြင်းဖြစ်ပြီး တောင်ရေ ရေလှောင်တမံနှင့် ကျောက်တံခါး ရေလှောင်တမံတို့ကို ရေသွယ်မြောင်းဖြင့် ဆက်သွယ်ပြီး ကျောက်တံခါး ရေလှောင်တမံမှ ရေကိုပါယူ၍ ကြက်မောက်တောင် ရေလှောင်တမံသို့ ရေကူဖြည့်ပေးမည်ဖြစ်သည်။

တောင်ရေ ရေလှောင်တမံနှင့် ကျောက်တံခါး ရေလှောင်တမံ ဆက်သွယ်မည့် ရေသွယ်မြောင်းမှာ ၁၃ ဒသမ ၅ မိုင် ရှည်ပြီး ယခုအခါ ရေသွယ်မြောင်းဖောက်လုပ်သည့်လုပ်ငန်းမှာ ၁၁ဒသမ ၃၅မိုင် ပြီးစီးနေပြီဖြစ်သည်။ ရေထိန်းတမံ ငါးခုတွင် လေးခု ပြီးစီးလျက်ရှိပြီး၊ တူးမြောင်းအဆောက်အအုံ ၆၈လုံးတွင် ၅၂လုံး ပြီးစီးနေပြီဖြစ်သည်။ လုပ်ငန်းတစ်ခုလုံး၏ ၇၈ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် တောင်ရေ ရေလှောင်တမံသို့ ရေဝင်ရောက်မှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် တောင်ရေ ရေလှောင်တမံနှင့် ကျောက်တံခါး ရေလှောင်တမံတို့ ဆက်သွယ်သည့် မြောင်းတစ်လျှောက် ကြည့်ရှုစစ်ဆေး ပြီး လမ်းတစ်လျှောက် ရေထိန်းတမံများဖြစ်သော ဘဲကန်၊ ဦးကဝိကန်၊ ညောင်ငုပ်တိုကန်၊ နတ်ကန်နှင့် ပန်းဆွဲကန်များ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရေသွယ်မြောင်း (၉) မိုင်တိုင်တွင် ဆက်သွယ်ရေးမြောင်း တူးဖော်နေမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ကျောက်တံခါး ရေလှောင်တမံ၊ တောင်ရေ ရေလှောင်တမံ ရေသွယ်တူးမြောင်းစီမံကိန်း ရေထိန်းတမံ(၁) ယာကြီးချောင်းအားဖြတ်၍ ရေထိန်းတမံ တာပေါင်များကို စက်ယန္တရားများဖြင့် မြေဖို့နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ (၁၂)မိုင်တိုင်တွင် ရေသွယ်မြောင်း တာပေါင်များကို စက်ယန္တရားများဖြင့် မြေဖို့နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ရှင်းလင်းတင်ပြသည်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဖြည့်စွက်မှာကြားသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကျောက်တံခါး ရေလှောင်တမံသို့ ရောက်ရှိပြီး ကျောက်တံခါးနှင့် တောင်ရေ ဆက်သွယ်မြောင်းနှင့် ရေပိုလွှဲတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောက်တံခါးရေလှောင်တမံသို့ ရေဝင်ရောက်မှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ညနေ ၄နာရီတွင် ကျောက်တံခါးရေလှောင်တမံ ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထွန်းက ကျောက်တံခါး ရေလှောင်တမံနှင့် တောင်ရေ ရေလှောင်တမံတို့ဆက်သွယ်သည့် ရေသွယ်မြောင်း ဖောက်လုပ်ပြီးစီးမှုအခြေအနေနှင့် စပ်လျဉ်း၍ လည်းကောင်း၊ မကွေးတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ဝင်းက ကျောက်တံခါးရေလှောင်တမံအနီး ပတ်ဝန်းကျင်ဒေသများသို့ စိုက်ပျိုးရေဖြန့်ဝေမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ မိတ္ထီလာမြို့နယ် ညောင်ကုန်းကျေးရွာအနီးရှိ ညောင်ကုန်းရေလှောင်တမံသို့ ညနေ ၅နာရီခွဲတွင် ရောက်ရှိကြပြီး ညောင်ကုန်းရေလှောင်တမံ ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထွန်းနှင့် မိတ္ထီလာခရိုင် ဆည်မြောင်းထိန်းသိမ်းရေးလက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်တို့က မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် ညောင်ကုန်းရေလှောင်တမံမှ မိတ္ထီလာကန်သို့ ရေကူပေးမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဆည်မြောင်းဦးစီးဌာန (ရုံးချုပ်) ညွှန်ကြားရေးမှူး(ဒီဇိုင်း)ဦးခင်မောင်ချစ်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

အဆိုပါ ညောင်ကုန်းရေလှောင်တမံသည် ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် အတွင်းရှိ ချောင်းကောက်ရေလှောင်တမံမှ ပိုလျှံသောရေပမာဏ ဧကပေ ၁၀၀၀၀ခန့်နှင့် လွန်းငင်ရေလှောင်တမံ၊ လက်ခုပ်ပင်ရေလှောင်တမံနှင့် ညောင်ကုန်းရေလှောင်တမံ ရေသွယ် တူးမြောင်းတစ်လျှောက်ရှိ ရေဆင်းဧရိယာ ၂၄စတုရန်းမိုင်မှ စီးဆင်းလာသည့် ရေပမာဏဧကပေ ၉၀၀၀ခန့်ကို မိတ္ထီလာကန်အတွင်းသို့ ဖြည့်တင်းပေးရန်ရည်ရွယ်ကာ တည်ဆောက်ခြင်းဖြစ်ပြီး ဤသို့တည်ဆောက်ခြင်းအားဖြင့် ချောင်းကောက်ရေလှောင်တမံမှ ပိုလျှံရေနှင့် ရေသွယ်တူးမြောင်းတစ်လျှောက်ရှိ ရေဆင်းဧရိယာများမှ စီးဆင်းရေများကို မိတ္ထီလာကန်သို့ ရေကူဖြည့်ပေးခြင်းအားဖြင့် မိတ္ထီလာမြို့နေပြည်သူလူထုအတွက် သောက်သုံးရေဖူလုံစေခြင်း၊ ချောင်းကောက်တမံနှင့် မိတ္ထီလာကန်အကြား ဧရိယာတွင် စိုက်ပျိုးမြေဧက ၅၅၀ခန့်ကို ဆည်ရေပေးဝေနိုင်ခြင်းနှင့် မိတ္ထီလာကန်ရေသောက်ဧရိယာအတွင်း သီးနှံများ ပိုမိုစိုက်ပျိုးသွားနိုင်မည့်အပြင် အောက်ဘက်ရှိ ညောင်ရမ်းကန်နှင့် မင်းလှကန်တို့တွင်လည်း သဲ၊ နုန်းပို့ချမှု သက်သာသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ညောင်ကုန်းရေလှောင်တမံမှ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ မိတ္ထီလာမြို့သို့ ညနေ ၆နာရီခွဲတွင် ရောက်ရှိပြီး မိတ္ထီလာမြို့၌ ညအိပ်ရပ်နားသည်။

(သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ဘုရားကြီးလမ်း ကံ့ခင်းမြို့နေ မိဘများအားအမှူးထား၍ ကိုသန်းထွဋ်ဦး၊ မမိုးစန္ဒာအောင်၊ သမီးသန့်ဝတ်ရည်ဦးတို့က ငွေကျပ်ငါးသိန်းကို အတွင်းရေးမှူးဦးသိန်းထိုက်ဦးထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လျှပ်စစ်အန္တရာယ် သတိပြုဖွယ်

၁။ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ဗို့အားမြင့်မဟာဓာတ်အားလိုင်းများအနီး ယာဉ်ကြီးများရပ်နား၍ ပစ္စည်းအတင်အချ ပြုလုပ်ခြင်း၊ ပျော်ပွဲရွှင်ပွဲများ ကျင်းပ၍ မီးပုံးပျံလွှတ်တင်ခြင်း၊ စွန်လွှတ်ကစားခြင်းတို့ကြောင့် လျှပ်စစ်ဓာတ်အားလိုင်းများမှတစ်ဆင့် မတော်တဆ ထိခိုက်ဒဏ်ရာရမှု/အသက်ဆုံးရှုံးရမှုများ မကြာခဏ ဖြစ်ပေါ်လျက်ရှိနေပါသည်။

၂။ သို့ပါ၍ မဟာဓာတ်အားလိုင်းများအနီးတစ်ဝိုက်တွင် ယာဉ်ကြီးများ ရပ်နားခြင်း၊ မီးပုံးပျံလွှတ်တင်ခြင်း၊ စွန်လွှတ်ကစားခြင်းများကို ရှောင်ကြဉ်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

❐ စာမျက်နှာ ၁၁ မှ
များကြောင့် လက်လွတ်ထားခဲ့ရသည့် မြေလွတ်၊ မြေလပ်များကိုအောင်မြင်စွာ စိုက်ပျိုးနိုင်အောင်ယခုကဲ့သို့ ရေထိန်းတံခါး စီမံကိန်းကြီးများ၊ ရေဘေးကာကွယ်ရေးလုပ်ငန်းများဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

အကျိုးပြုနေ

ပဲခူးတိုင်းအတွင်း ပဲခူးရိုးမကို အခြေခံပြုပြီး ရိုးမအရှေ့ခြမ်း၌ ဆည်၊ ရေလှောင်တမံနှင့် ရေထိန်းတံခါး စီမံကိန်း အစုအဖွဲ့ ၂၂ ခု၊ အနောက်ခြမ်း၌ ၁၉ခု စုစုပေါင်းဆည်၊ ရေလှောင်တမံနှင့်ရေထိန်းတံခါးစုစုပေါင်း ၄၁ခုက လယ်ယာမြေဧက ၆၆၆၉၇၀ကို အကျိုးပြုနေပြီဖြစ်ကြောင်း။

တစ်နိုင်ငံလုံးအနေဖြင့် ဆည်တမံ ရေရရှိရေးနှင့် ရေဘေးကာကွယ်ရေး လုပ်ငန်းပေါင်း ၁၇၅ခုသည် မြန်မာနိုင်ငံ၏ ဆည်မြောင်းသမိုင်း၌ ထင်ရှားသည့် လယ်ယာအခြေခံ အဆောက်အအုံများအဖြစ် တည်ရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်၏ လယ်ယာစိုက်ပျိုးမှုတွင် ရေသွင်းစိုက်ပျိုးနိုင်မှု ပမာဏသည် ၁၉၈၈ခုနှစ်က ဧက ၁ ဒသမ ၃၄သန်း ရှိခဲ့သည့်အနေအထားမှ ဧက သုံးသန်း ခုနစ်သိန်းခြောက်သောင်းအထိ တိုးတက်ရေပေးစိုက်ပျိုးနိုင်သဖြင့် ရေသွင်းစိုက်ပျိုးသည့် အချိုးအစားသည် တစ်နိုင်ငံလုံး သီးနှံအသားတင်စိုက်ဧရိယာဧက ၂၈သန်းကျော်၏ ၁၉ရာခိုင်နှုန်းထိ ရှိလာခဲ့ပြီဖြစ်ကြောင်း။

မိုးယွန်းကြီး ရေထိန်းတံခါးကို ပဲခူးတိုင်း ပဂိုင်တာနှင့် ဆက်စပ်တည်ရှိနေသည့် မိုးယွန်းကြီးကန်၌ မိုးတွင်းကာလ ပိုလျှံရေကို ရေတံခါးမှ လျှော့နုတ်ပေးနိုင်ရန်နှင့် မိုးနှောင်းကာလ နွေစပါးအတွက် စိုက်ပျိုးရေ သိုလှောင်ပြီး လယ်မြေဧကလေးသောင်း စိုက်ပျိုးနိုင်ရန်၊ ရေချိုထိန်းသိမ်း သိုလှောင်ရန် အကောင်အထည် ဖော်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် ရန်ကုန်မြို့တော် မိုင် ၃၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ပျိုးရေရရှိရေး အတွက်လည်း ဤရေထိန်းတံခါးက ထိန်းညှိထုတ်လွှတ်ပေးသွားမှာ ဖြစ်ကြောင်း၊ မိုးယွန်းကြီးအင်း၏ လှောင်ရေကို ထိန်းသိမ်းနိုင်သည့်အတွက် ရှားပါးသည့် ကျေးငှက်များ အုပ်စုဖွဲ့ပျော်မြူးရာ မိုးယွန်းကြီးအင်း၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်မှုကိုလည်း အထောက်အကူပြုလာနိုင်တော့မှာ ဖြစ်ကြောင်း။

မိုးယွန်းကြီး ရေထိန်းတံခါး တည်ဆောက်ပြီးစီးသဖြင့် ဤဒေသ၌ ပထမသီးနှံမိုး စပါးကို ဧက၄၅၀၀၀ အပြင် သီးထပ်အဖြစ် နွေစပါးဧက ၃၇၅၀၀ကျော် စိုက်ပျိုးလာနိုင်မှာဖြစ်၍ စုစုပေါင်းသီးနှံစိုက်ဧက ၈၀၇၀၀ကျော်အထိရှိလာမှာဖြစ်ပြီး သီးနှံစိုက်စွမ်းအား ၁၇၉ရာခိုင်နှုန်းအထိ တိုးတက်လာမှာဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ဒေသခံပြည်သူတစ်ဦးက မိုးယွန်းကြီး ရေထိန်းတံခါး တည်ဆောက်ပေးခြင်းအတွက် နိုင်ငံတော်အစိုးရအား ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

စက်ခလုတ်နှိပ်ဖွင့်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဧည့်သည်တော်များသည် မိုးယွန်းကြီးရေထိန်းတံခါး ကမ္ပည်းကျောက်စာတိုင်ရှေ့၌ နေရာယူ၍ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက မိုးယွန်းကြီးရေထိန်းတံခါး ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာများ ပက်ဖျန်းကြသည်။ ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့သည် မိုးယွန်းကြီး ရေထိန်းတံခါးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဧည့်သည်တော်များ၊ စီမံကိန်းမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်အတူ မိုးယွန်းကြီး ရေထိန်းတံခါး မုခ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြ သည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် မိုးယွန်းကြီး ရေထိန်းတံခါးကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံတောင်သူများနှင့် ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဖွင့်ပွဲအပြီးတွင် စီမံကိန်းရှင်းလင်းဆောင်၌ တိုင်းမှူးနှင့် ဝန်ကြီးတို့အား ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး (၆) ညွှန်ကြားရေးမှူး ဦးလှမြင့်က မိုးယွန်းကြီးရေထိန်းတံခါးတည်ဆောက်ပြီးစီးမှုနှင့် အကျိုးပြုမှုတို့ကိုလည်းကောင်း၊ ရန်ကုန်မြို့တော်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးဆိုင်ရာ ရေရရှိရေးစီမံချက်နှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ကွန်ကရစ်အမျိုးအစား

မိုးယွန်းကြီး ရေထိန်းတံခါးသည် ဖွဲ့ဘတ်ချောင်းပေါ်၌ တည်ဆောက်ထားသည့် ကွန်ကရစ် အမျိုးအစား ရေတံခါးဖြစ်သည်။ ၁၂ ပေအကျယ် ရေတံခါးခြောက်ပေါက်နှင့် ရှစ်ပေအကျယ် ရေတံခါးလေးပေါက်ပါရှိပြီး၊ ပေ ၃၅၀၀ ရှည်သည့် ရေခေါ်မြောင်းမကြီးနှင့် ပေ ၇၈၀၀ ရှည်သည့် ရေထုတ်မြောင်းမကြီးတို့ပါရှိသည်။

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် တာဝန်ရှိသူများသည် မိုးယွန်းကြီးရေထိန်းတံခါးဖွင့်ပွဲအပြီးတွင် ရန်ကုန်မြို့တော် စိမ်းလန်းစိုပြည်ရေးအတွက် ပဲခူးမြစ် (အရှေ့ခြမ်း)၌ ဆောင်ရွက်နေသော မိုးယွန်းကြီး ရေထိန်းတံခါးမှ ပုဂံ-ညောင်ပင်ရေလွှဲပေါက်အထိ ရေရောက်ရှိမှုနှင့် တူးမြောင်းအဆောက်အအုံများကိုလည်းကောင်း၊ ပုဂံ-ညောင်ပင်ရေလွှဲပေါက်မှ ခရမ်းအထိ ရေမြောင်းနှင့် တူးမြောင်းအဆောက်အအုံများကိုလည်းကောင်း ရေတော်မိုးတော်ဖြစ်လာသည့် လယ်ယာမြေများ၌ မိုးစပါး ထွန်ယက်စိုက်ပျိုးမှုတို့ကိုလည်းကောင်း၊ ခရမ်းမြို့အနီး၌ဆက်သွယ်ရေးမြောင်းအား စက်ယန္တရားများဖြင့် ချဲ့ထွင် တူးဖော်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီး ဘောလုံးအသင်း ဗီယက်နမ်နိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇွန် ၂၁

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ ဇွန် ၁၂ရက်မှ စတင်ကျင်းပခဲ့သည့် ၂၀၀၅ခုနှစ် အာရှအမျိုးသမီး ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် ခြေစစ်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့ပြီး ခြေစစ်ပွဲအောင်မြင်ခဲ့သည့် မြန်မာအမျိုးသမီး ဘောလုံးအသင်းသည် ယနေ့ ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာကြသည်။

ဒုတိယအဆင့် ခြေစစ်ပွဲအောင်မြင်ခဲ့သည့် မြန်မာအမျိုးသမီးဘောလုံးအသင်းအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ဦးဆောင် နာယကများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အမှုဆောင်များ၊ အားကစားသမားများ၏ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာအမျိုးသမီး ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်တစ်ဦး၊ အုပ်ချုပ်သူတစ်ဦးနှင့် နည်းပြဆရာ သုံးဦး၊ အားကစားသမား ၂၀ဦး စုစုပေါင်း ၂၅ဦး လိုက်ပါလာသည်။(သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်းဘောလုံးပြိုင်ပွဲ မိတ္ထီလာ၌ ဖွင့်လှစ်

ရန်ကုန် ဇွန် ၂၁

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဇွန် ၂၀ရက် ညနေ ၃နာရီခွဲတွင် မိတ္ထီလာမြို့ မြေပြင်အတတ်သင် လေတပ်စခန်း စခန်းဘောလုံးကွင်း၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား မြေပြင်အတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးကြီးသူရခင်မောင်ဝင်း တက်ရောက်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ (သတင်းစဉ်)

အိုလံပစ်နေ့ အထိမ်းအမှတ် ကြက်တောင်ရိုက်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၁

၂၀၀၅ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် ကြက်တောင်ရိုက်ပြိုင်ပွဲကို ယနေ့ ညနေ ၃နာရီမှစ၍ အနော်ရထာလမ်းရှိ အမျိုးသားကြက်တောင် အားကစားခန်းမတွင် ကျင်းပရာ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ၊ အတွင်းရေးမှူး ဦးရော်ဘင်တင်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲများကျင်းပပြီး ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေက ဆုရရှိကြသော ပထမ၊ ဒုတိယ၊ ပူးတွဲတတိယရရှိကြသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေက အာရှအငယ်တန်းတံခွန်စိုက်ကြက်တောင်ပြိုင်ပွဲအတွက် လူရွေးပွဲ၌ ဆုရရှိသော အမျိုးသားပထမ သံလွင်အောင်၊ ဒုတိယ ဇင်လတ်၊ အမျိုးသမီး ပထမ နေဇာလှိုင်၊ ဒုတိယ တူးတူးရတို့အား ဂုဏ်ပြုဆုငွေ ပထမ FEC ၁၀၀ နှင့် ဒုတိယ FEC ၆၀ စီ ပေးအပ်ချီးမြှင့်သည်။ (ကြေးမုံ)

၂၀၀၅ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် ကြက်တောင်ရိုက်ပြိုင်ပွဲကို အမျိုးသားကြက်တောင်ခန်းမ၌ ကျင်းပရာ ဆုရရှိသူများအား ကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

လျှပ်စစ်အန္တရာယ် နှိုးဆော်ချက်

၁။ ယခုနှစ်မိုးရာသီအချိန်တွင် ဓာတ်လိုက်မှုကြောင့် အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ပြည်သူလူထုအနေဖြင့် ဓာတ်လိုက်မှုအန္တရာယ် ကင်းဝေးစေရေးအတွက် အောက်ပါအချက်များကို သတိပြုကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

- **(က) အသုံးပြုထားသောဝါယာကြိုးများ ဆွေးမြေ့ပေါက်ပြဲနေခြင်း။**
- **(ခ) ဆားဗစ်ကြိုးပေါက်၍ ဆားဗစ်ကြိုးကို ပူးတွဲချည်ထားသော ဝန်ထမ်းကြိုးတွင် ဓာတ်အားစီးဝင်နေခြင်း။**
- **(ဂ) မိုးဒဏ်လေဒဏ်ကြောင့် ဓာတ်ကြိုးများ ပြတ်ကျနေခြင်း။**
- **(ဃ) ဓာတ်အားလိုင်းပေါ်သို့ သစ်ပင်ပြိုလဲကျနေခြင်း။**
- **(င) ဓာတ်အားလိုင်းပေါ်သို့ သစ်ကိုင်းကျိုးကျနေခြင်း။**
- **(စ) ဓာတ်ကြိုးနှင့်သစ်ကိုင်း ထိနေခြင်း။**
- **(ဆ) ဓာတ်တိုင် ကားတိုက်ခံရ၍ လဲကျနေခြင်း။**
- **(ဇ) ဓာတ်ကြိုးများ ရှော့ဖြစ်ပြီး မီးများပန်းထွက်နေခြင်း။**
- **(ဈ) ဓာတ်ကြိုးများ လျော့ကျနေခြင်း။**
- **(ည) ဓာတ်တိုင်ပေါ်သို့ တာဝန်ရှိသူမဟုတ်ဘဲ တက်ရောက်ခြင်း။**
- **(ဋ) လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာလက်မှတ်မရရှိဘဲ လျှပ်စစ်တပ်ဆင်ခြင်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်း။**

၂။ အထက်ပါအချက်များ ဖြစ်ပေါ်နေသည်ကို တွေ့ရှိပါက သက်ဆိုင်ရာမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးများသို့ အမြန်ဆုံး ဆက်သွယ်အကြောင်းကြားကြပါရန်။

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း။

အာရှအမျိုးသမီး ခြေစစ်ပွဲပြီးစီး မြန်မာအပါအဝင် လေးသင်း ခြေစစ်ပွဲအောင်

ဟနွိုင်း ဇွန် ၂၁

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင်ကျင်းပသည့် ၂၀၀၅ခုနှစ် အာရှအမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲသည် ယမန်နေ့ကပြီးစီးသွားပြီဖြစ်ရာ မြန်မာအမျိုးသမီးအသင်းအပါအဝင် တိုင်ပေ၊ ထိုင်းနှင့် အိမ်ရှင်ဗီယက်နမ်လေးသင်းတို့ ခြေစစ်ပွဲအောင်ကာ ၂၀၀၆ခုနှစ် မေလ၌ ဂျပန်နိုင်ငံတွင် ကျင်းပမည့် နောက်ဆုံး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်သွားသည်။

ယမန်နေ့ကကျင်းပခဲ့သည့် ခြေစစ်ပွဲတွင် မြန်မာက ဥဇဘက်ကစ္စတန်ကို နှစ်ဂိုး- တစ်ဂိုးဖြင့်နိုင်ပြီး ထိုင်းက အိန္ဒိယကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရသည်။

ဇွန် ၁၉ရက်က ကျင်းပသည့် ခြေစစ်ပွဲတွင် တိုင်ပေက စင်ကာပူကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ဗီယက်နမ်က ဟောင်ကောင်ကို လေးဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ (အမ်အင်အေ၊ဆင်ဟွာ)

ကွန်ဖက်ဒရေးရှင်းဖလား ဘောလုံးပြိုင်ပွဲအုပ်စုပွဲအဖြစ် ဇွန် ၁၉ရက်က မက္ကဆီကိုအသင်းနှင့် ဘရာဇီးအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ဘရာဇီးကွင်းလယ်ကစားသမား ရော်နယ်လ်ဒင်ဟို(အလယ်)ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကွန်ဖက်ဒရေးရှင်းဖလား အုပ်စုနောက်ဆုံးပွဲ ဘရာဇီးအသင်း၌ ရော်နယ်လ်ဒင်ဟို မပါဝင်နိုင်

ဟန်နိုဗာ ဇွန် ၂၁

ဗုဒ္ဓဟူးနေ့တွင်ကျင်းပမည့် ကွန်ဖက်ဒရေးရှင်းဖလား ဘောလုံးပြိုင်ပွဲ၏ အရေးပါသော ပွဲတစ်ပွဲဖြစ်သည့် ဂျပန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည့်ပွဲတွင် ဘရာဇီးအသင်း၌ ရော်နယ်လ်ဒင်ဟို ပါဝင်နိုင်မည်မဟုတ်ကြောင်း ဘရာဇီးနည်းပြ ကာလို့စ်အယ်လ်ဘာတို့ပရဲရားက တနင်္လာနေ့တွင် ပြောကြားသည်။

ဂျာမနီနိုင်ငံ ကိုလုံးမြို့တွင် ဗုဒ္ဓဟူး နေ့၌ ကျင်းပမည့် ကွန်ဖက်ဒရေးရှင်းဖလားဘောလုံးပြိုင်ပွဲတွင် နာမည်ကျော် ဘောလုံးသမားလေးဦးအထိကို အနားပေးနိုင်ကြောင်း၊ ယင်းလေးဦးတွင် ရော်နယ်လ်ဒင်ဟိုနှင့်ကာကာတို့ပါဝင်ကြောင်း ဘရာဇီးနည်းပြက ဟန်နိုဗာမြို့တွင် ပြောကြားသည်။

ဖန်တီးမှုစွမ်းရည် ကောင်းမွန်သော ကွင်းလယ်ကစားသမားများဖြစ်သည့် ရော်နယ်လ်ဒင်ဟိုနှင့် ကာကာတို့နှစ်ဦးစလုံးမှာ ဥရောပဘောလုံးရာသီတွင် ပါဝင်ကစားခဲ့ကြရာ ပင်ပန်းနွမ်းနယ်နေကြကြောင်း၊ ကွန်ဖက်ဒရေးရှင်းဖလား ဆီမီးဖိုင်နယ်ပွဲ ကစားရဖွယ်ရှိခြင်းကြောင့် ၎င်းတို့ လောလောဆယ် အနားယူသင့်သည်ဟု မိမိတို့ ဆုံးဖြတ်ကြောင်း ပရဲရားက ပြောကြားသည်။

ဗုဒ္ဓဟူးနေ့တွင် ကစားရမည့်ပွဲ၌ ဘရာဇီးအသင်းမှ ဘောလုံးသမား သုံးဦးမှ လေးဦးအထိကိုပြင်ဆင်ပြောင်းလဲရဖွယ်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဘရာဇီးအသင်းသည် တနင်္ဂနွေနေ့က မက္ကဆီကိုအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရာ အုပ်စု(ခ)တွင် ဂိုးကွာခြားချက်အရ ဂျပန်အသင်းအထက် ဒုတိယနေရာတွင်ရှိနေသည်။

ဗုဒ္ဓဟူးနေ့တွင်အုပ်စုပွဲ နောက်ဆုံးပွဲစဉ်အဖြစ် ဂရိနှင့်မက္ကဆီကိုအသင်းတို့ ယှဉ်ပြိုင်ကစားရန် ရှိနေသည်။ မက္ကဆီကိုအသင်းသည် နှစ်ပွဲအနိုင်ရရှိခဲ့ပြီးဖြစ်ရာ အကြိုဗိုလ်လုပွဲတက်ရန် အရည်အချင်းပြည့်မီနေပြီဖြစ်သည်။ ယူရို ၂၀၀၄ ချန်ပီယံ ဂရိအသင်းမှာမူ နှစ်ပွဲစလုံး ရှုံးနိမ့်ခဲ့သဖြင့် မျှော်လင့်ချက်များ မှေးမှိန်ပျောက်ကွယ်နေရသော အသင်းဖြစ်သည်။ **ဆင်ဟွာ။**

ဘောလုံးနည်းပြဆရာဟောင်းများအား ပူဇော်မည်

ရန်ကုန် ဇွန် ၂၁

တနင်္သာရီတိုင်းနှင့် မွန်ပြည်နယ်တို့မှ လက်ရွေးစင်ဘောလုံးသမားဟောင်းများက ကြီးမှူး၍ ဘောလုံးနည်းပြဆရာဟောင်းများအား ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဇွန် ၂၆ ရက်နံနက် ၉နာရီတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရာမညအားကစားပြိုင်ဝင်း အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

နည်းပြဆရာဟောင်းများအား ထောက်ပံ့ပူဇော် ကန်တော့ရေးအတွက် မော်လမြိုင်မြို့ ရာမညအားကစားပြိုင်ဝင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ရင် ဖုန်း-၀၅၇-၂၄၈၃၂ နှင့် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း (တနင်္သာရီတိုင်း ဘောလုံးသမားဟောင်း)ဖုန်း-၀၅၇-၂၃၀၀၄ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင်ကြိုင် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ တက်ရောက်ချီးမြှင့်

ရန်ကုန် ဇွန် ၂၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင်ကြိုင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ်ရှိ မင်းဓမ္မကုန်းတော် ပရိဂုဏ်အတွင်း၌ ၂၀၀၅ခုနှစ် ဇူလိုင် ၃ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်ချီးမြှင့်ပြီး အထိမ်းအမှတ် သစ်ပင်ကို စိုက်ပျိုးပေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင်ကြိုင်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်မြမြစန်း လိုက်ပါလျက် နံနက် ၈နာရီခွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၅ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာ အမျိုးသမီးများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကျင်းပရာသို့ ရောက်ရှိလာရာ ဒုတိယ ဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်နာယကအဖွဲ့ဝင် ဒေါ်ခင်လေးသက်၊ နိုင်ငံတော် ဝန်ကြီးချုပ် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်မြမြစန်း ရန်ကုန်တိုင်း အင်းစိန်မြို့နယ်ရှိ မင်းဓမ္မကုန်းတော် ပရိဂုဏ်အတွင်း၌ ၂၀၀၅ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲတွင် အထိမ်းအမှတ်အဖြစ် ပိတောက်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင်ကြိုင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ်ရှိ မင်းဓမ္မကုန်းတော် ပရိဂုဏ်အတွင်း၌ ၂၀၀၅ခုနှစ် ဇူလိုင် ၃ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲတွင် အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၂၀၀၅ ခုနှစ်၊ ဇူလိုင်လ(၃)ရက် မြန်မာအမျိုးသမီးများနေ့

မြန်မာအမျိုးသမီးများပေါင်းစည်းအား ထင်ရှားစွမ်းဆောင်ရည်

ဇူလိုင် ၃ ရက် လက်ချင်းယှက် မပျက်ကမ္ဘာတည်

ကြေးမုံ The Mirror

ဆောင်းပါး အညွှန်း

"မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ရည်ရွယ်ချက် (၇)ရပ်ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ယင်းရည်ရွယ်ချက်(၇)ရပ်တွင် ရည်ရွယ်ချက်(၆)ရပ်မှာ အမျိုးသမီးထု၏ ဘဝအခြေတင့်စေပြီး အခွင့်အရေး ပိုမိုပြည့်ဝစွာရရှိစေလျက် အမျိုးသမီးတို့ဘဝကို ပိုမိုမြင့်တက်လာစေရန်ဖြစ်သည်။"

အိမ့်ဒါလီ၏ **"သမိုင်းကြောင်းကိုအခြေခံသော မြန်မာအမျိုးသမီးများနေ့ (ဇူလိုင်လ ၃ရက်နေ့)"**

ဆောင်းပါး (စာမျက်နှာ-၆)